အရှေ့အလယ်ပိုင်းအား ပြန်လည်ပုံဖော်ရန် အမေရိကန်၏အားထုတ်မှုကို ခုခံကာကွယ် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုခိုင်မြဲရေး ကြိုးပမ်းရန် ဆီးရီးယားဝန်ကြီးချုပ် တိုက်တွန်း

အန်ကာရာ ဇူလိုင် ၂၉

အရှေ့အလယ်ပိုင်းဒေသအား ပြန်လည်ပုံဖော်ရန် အမေရိကန်၏ အားထုတ်ကြိုးပမ်းမှုများကို ခုခံကာကွယ်ရေးအတွက် တူရကီနှင့် အီရန်ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံမှုခိုင်မြဲရေး ကြိုးပမ်းကြရန် ဆီးရီးယားဝန်ကြီးချုပ် မိုဟာမက်မုစတာဖာမီရိုက တိုက်တွန်းလိုက်သည်။

ဇူလိုင် ၂၉ ရက်က ဘဂ္ဂဒက်မြို့တွင် လက်နက်များရှာဖွေရေး စစ်ဆင်မှုတစ်ရပ်ပြုလုပ်ရာ နေရာမှထွက်ခွာသွားရန် တုတ်ကောက်ကို အားပြုလျက် လမ်းလျှောက်ရရှာသည့် အီရတ်အမျိုးသားကြီးတစ်ဦးအား အမေရိကန်တပ်သားတစ်ဦးက နှင်ထုတ်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်တွဲဆောင်ရွက်

တူရကီ၊ ဆီးရီးယားနှင့် အီရန်တို့ အပါအဝင် အခြားနိုင်ငံများအနေဖြင့် ပို၍ပို၍ လက်တွဲဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တစ်နိုင်ငံတည်း အထီးတည်းရပ်တည်နေမည်ဆိုလျှင် အီရတ်နိုင်ငံတွင် လုပ်ခဲ့သလို လုပ်ရန် ပို၍လွယ်ကူစေမည်ဖြစ်သောကြောင့်ဖြစ်ကြောင်း အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင် တူရကီသို့ မသွားရောက်မီ တစ်ရက်အလို တူရကီနိုင်ငံထုတ် ဆဘားသတင်းစာက ဖော်ပြထားသည့် တွေ့ဆုံမေးမြန်းခန်းတွင် မီရိုက ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ စနစ်သစ်တစ်ရပ်ထူထောင်ရန် အမေရိကန်၏ မူဝါဒနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးက သိရှိထားကြကြောင်း ၎င်းက ပြောကြားသည်။

ဇူလိုင် ၂၇ ရက်က ကျင်းပသည့် ကွန်ကာကက် ရွှေဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဘရာဇီးမှ နေးလ်မာ(နံပါတ်၁၅)နှင့် မက္ကဆီကို နောက်တန်းလူ အိုမာဘရင့်စ်ဒိုတို့ ဘောလုံး ယှဉ်လုနေစဉ်။ (ယင်းပွဲတွင် မက္ကဆီကိုက ဘရာဇီးကို ရွှေဂိုးဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။) *(ဓာတ်ပုံ-အင်တာနက်)*

အစောဆုံးထွက်ခွာသွားသင့်

အမေရိကန်အနေဖြင့် အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှုကို အဆုံးသတ်သင့်ပြီး ဒေသတွင်းမှနေ၍ ဖြစ်နိုင်သမျှ အစောဆုံး ထွက်ခွာသွားသင့်ကြောင်း၊ ယင်းမှာ ဒေသတွင်းရှိနိုင်ငံများ၏ တူညီသောဆန္ဒဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပထမဆုံးလာရောက်

မီရိုသည် ၁၉၈၆ ခုနှစ်နောက်ပိုင်း တူရကီနိုင်ငံသို့ ပထမဆုံး လာရောက်လည်ပတ်သည့် ဆီးရီးယားဝန်ကြီးချုပ်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်အခြေအနေ မတည်ငြိမ်မှု ရုရှားက စိုးရိမ်ပူပန်ကြောင်း ပြောကြား

မော်စကို ဇူလိုင် ၂၉

အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံး၏ တည်ငြိမ်ရေးအား မငြိမ်မသက်ဖြစ်စေသည့် အီရတ်နိုင်ငံ၏ အခြေအနေအပေါ် ရုရှားအစိုးရက စိတ်ပူပန်မိကြောင်းဖြင့် နိုင်ငံခြားရေးဒုတိယဝန်ကြီးယူရီဖီဒိုတော့ပ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

အားသစ်လောင်းပေး

သင့်တင့်သည့် တရားဥပဒေစိုးမိုးမှုလိုအပ်မှုနှင့် အီရတ်နိုင်ငံတွင် ရာဇဝတ်ပြစ်မှုများ စိုးမိုးနေမှုက အစွန်းရောက်များ၏ ကွဲပြားခြားနားသော စိတ်အမျိုးမျိုးအထွေထွေကို မီးထိုးပေးသကဲ့သို့ဖြစ်နေပြီး စဉ်ဆက်မပြတ်အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပွားစေရန် အားသစ်လောင်းပေးသကဲ့သို့ဖြစ်စေကြောင်း ဖီဒိုတော့ပ်က အီတာတာ့စ်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင်ပြောကြားသည်။ ဇူလိုင် ၂၂ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွင့်မိန့်ခွန်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်တင်ပြသည့် အကြံပြုချက်များကို ရုရှားအစိုးရက ထောက်ခံကြောင်း ဖီဒိုတော့ပ်က အခိုင်အမာပြောကြားသည်။ အဆိုပါ အကြံပြုချက်များက နိုင်ငံတကာအသိုက်အဝန်းအား ကုလသမဂ္ဂ၏ ကမကထပြုမှုအောက်မှ အီရတ်ပြည်သူများ အကျပ်အတည်းမှ လွတ်မြောက်စေရန်နှင့် ၎င်းတို့ကိုယ်တိုင် တရားဝင်အစိုးရအဖွဲ့အမြန်ဆုံး ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ ကြိုးပမ်းမှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ *အမ်အင်အေ၊ ဆင်ဟွာ။*



အီဂျစ်-ဂျော်ဒန် ရေအောက်ဓာတ်ငွေ့ပိုက်လိုင်း ဂျော်ဒန်ဘုရင်နှင့် အီဂျစ်သမ္မတတို့ ဖွင့်လှစ်ပေး

အမ္မန် ဇူလိုင် ၂၉

အီဂျစ်နိုင်ငံမှ စွမ်းအင်ရှားပါးသည့် ဂျော်ဒန်နိုင်ငံသို့ ယခင်က ပေးပို့သည့် ရေအောက်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတစ်ခုကို ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် အီဂျစ်သမ္မတ မူဘာရက်တို့ ပင်လယ်နီအပန်းဖြေစခန်း ဖြစ်သည့် အက္ကာဘာမြို့တွင် တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။

၁၆ ကီလိုမီတာအရှည်ရှိ အဆိုပါ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို အီဂျစ်နိုင်ငံတကာဆိပ်ကမ်းမှ ဂျော်ဒန်နိုင်ငံ အက္ကာဘာသို့ သွယ်တန်းထားပြီး ၎င်းပိုက်လိုင်းကို ဂျော်ဒန်နိုင်ငံမြောက်ဖျားပိုင်းဒေသ လက်ဘနွန်၊ ဆီးရီးယား၊ ဆိုက်ပရပ်၊ တူရကီနှင့် ဥရောပဒေသတို့သို့ တိုးချဲ့သွယ်တန်းမည်ဖြစ်ကြောင်း ဂျော်ဒန်နိုင်ငံ၏ တရားဝင်ပီထရာသတင်းဌာနက ဖော်ပြသည်။

— လာရောက်ကြည့်ရှု —

အီဂျစ်သမ္မတမူဘာရက်နှင့် ဂျော်ဒန်ဘုရင်အဗ္ဗဒူလာတို့သည် မကြာမီက လောင်စာဆီအသုံးပြုခဲ့ရာမှ ယခုအခါ သဘာဝဓာတ်ငွေ့ဖြင့် ပြောင်းလဲအသုံးပြုမည့် အက္ကာဘာ အပူစွမ်းအင်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုကြသည်။

— အကာအကွယ်ပေး —

ယင်းသဘာဝဓာတ်ငွေ့အသုံးပြုမည့် စီမံချက်ကြောင့် ဂျော်ဒန်နိုင်ငံအတွက် ပထမ ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း၅၀၀ ချွေတာနိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမှ အကာအကွယ်ပေးနိုင်မည် ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဆားစ်ရောဂါအသစ်ဖြစ်ပွားမှု တရုတ်ပြည်၌ သတင်းမရရှိ

ဘေဂျင်း ဇူလိုင် ၂၉

တရုတ်ပြည်မကြီးတွင် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီမှ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီထိ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ(ဆားစ်) ဖြစ်ပွားမှုအသစ်တစ်ရပ်နှင့် ၎င်းရောဂါဖြင့် သေဆုံးသူများနှင့်ပတ်သက်သည့် သတင်းများမရရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တနင်္လာနေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

၂၄ နာရီအတွင်း တရုတ်ပြည်မကြီးတွင် ဆားစ်ရောဂါ သင်္ကာမကင်းဖြစ်ရသည့် အမှုများနှင့် ဆေးရုံမှ ဆားစ်ရောဂါဖြင့် ဆင်းသွားသူ လူနာများမရှိဟုဆိုသည်။ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီတွင် တရုတ်ပြည်မရှိဆေးရုံများ၌ ဆားစ်ရောဂါဖြစ်ပွားသူ ၁၂ ဦး ယခုထက်တိုင်ရှိနေပြီး အားလုံးသည် ဘေဂျင်းတွင် ရှိနေကြသည်ဟုသိရသည်။ *အမ်အင်အေ၊ ဆင်ဟွာ။*

ဘဂ္ဂဒက်တွင် တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်း ရပ်ဆဲရန် အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ဘာရိန်းကုမ္ပဏီကို ညွှန်ကြား

ဘဂ္ဂဒက် ဇူလိုင် ၂၉

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ဆဲလ်လူလာတယ်လီဖုန်းလုပ်ငန်းတစ်ရပ်ကို ထူထောင်ခဲ့သော ဘာရိန်းတယ်လီဖုန်းကုမ္ပဏီ၏ လုပ်ငန်းများကို ရပ်ဆိုင်းရန် အမေရိကန်အာဏာပိုင်အဖွဲ့က ညွှန်ကြားလိုက်သည်။

လုပ်ငန်းများရပ်ဆိုင်း

ဘာတယ်လ်ကိုအမည်ရှိ ဆက်သွယ်ရေးကုမ္ပဏီသည် မြို့တော်ဘဂ္ဂဒက်တွင် ဇူလိုင် ၂၂ ရက်မှစ၍ တယ်လီဖုန်းဝန်ဆောင်လုပ်ငန်းကို စတင်လည်ပတ်ချိန်တွင် လုပ်ငန်းများရပ်ဆိုင်းရန် အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ညွှန်ကြားလိုက်ခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသည် အီရတ်နိုင်ငံရှိ အမေရိကန်အာဏာပိုင်အဖွဲ့ထံမှ ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိဟု တာဝန်ရှိသူများက ပြောကြားသည်။

ဘာတယ်လ်ကို တယ်လီဖုန်းကုမ္ပဏီသည် မြို့တော်ဘဂ္ဂဒက်တွင် ထူထောင်သော တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ငါးသန်းနီးပါး ရင်းနှီးမြှုပ်နှံခဲ့သည်။ အဆိုပါ တယ်လီဖုန်းကုမ္ပဏီသည် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရေးပေါ်လုပ်သားများအား တယ်လီဖုန်းအခမဲ့သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးရန်လည်း အစီအစဉ်ရှိခဲ့သည်။ မြို့တော်ဘဂ္ဂဒက်တွင် အီရတ်စစ်ပွဲကြောင့် တယ်လီဖုန်းတိုင်များ ပျက်စီးခဲ့ရမှုကြောင့် ဆက်သွယ်ရေးအခက်အခဲများ ဖြစ်ပေါ်နေစဉ် ဘာရိန်းကုမ္ပဏီက ဖုန်းလုပ်ငန်းကိုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဘာတယ်လ်ကိုကုမ္ပဏီသည် တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းစတင်ပြီး နှစ်ရက်အကြာတွင် အမေရိကန်အာဏာပိုင်များထံမှ စာတစ်စောင်ကို လက်ခံရရှိခဲ့သည်။

အင်တာနက်။

အီရတ်သို့ တူရကီတပ်သားများ စေလွှတ်ရေး ပါလီမန်သို့ တင်ပြသင့်ဟု ပြောကြား

အန်ကာရာ ဇူလိုင် ၂၉

အီရတ်နိုင်ငံသို့ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်သားများ စေလွှတ်ပေးရန် အမေရိကန် ပြည်ထောင်စု၏ မေတ္တာရပ်ခံချက်ကိုလက်မခံမီ ၎င်းကိစ္စသည် ရက်သတ္တပတ်များစွာနှင့် လပေါင်းများစွာ ကြာညောင်းနိုင်သော်လည်း အစိုးရ အနေဖြင့် ပါလီမန်သို့တင်ပြသင့်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာ ဂါးလ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

– တွန်းအားပေးလုပ်ဆောင် –

အီရတ်နိုင်ငံတွင် နေ့စဉ်သေဆုံးမှုများနှင့် ကြုံတွေ့နေရသည့် အမေရိကန် ပြည်ထောင်စုက ဆုံးဖြတ်ချက်တစ်ရပ်အမြန်ချမှတ်ရေးအတွက် တွန်းအားပေး လုပ်ဆောင်လျက်ရှိပြီး အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ ပို့ဆောင်ရေးသည် နှစ်အတန်ကြာဆက်ဆံခဲ့သည့် မိတ်ဖက် တူရကီနိုင်ငံနှင့် ဆက်ဆံရေးယိုယွင်းမှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

သို့ရာတွင် ယင်းစစ်သားများစေလွှတ်ရေးကိစ္စနှင့်ပတ်သက်၍ မဲခွဲဆုံးဖြတ် ရာတွင် လပေါင်းများစွာကြာညောင်းနိုင်ပြီး တူရကီအစိုးရအတွက် ပျက်စီးယိုယွင်း နိုင်သည့်ဆုံးရှုံးမှုအန္တရာယ်နှင့် ကြုံတွေ့နိုင်သည်။

တူရကီစစ်သားများစေလွှတ်ရေးနှင့် စပ်လျဉ်း၍ပါလီမန်၏ခွင့်ပြုချက်ကို ရရှိနိုင်သည်ဟု မိမိယုံကြည်ကြောင်း ဂါးလ်ကတူရကီရုပ်မြင်သံကြားနှင့် တွေ့ဆုံ မေးမြန်းခန်းတွင်ပြောကြားသည်။ ယင်းကိစ္စအဆုံးအဖြတ်သည် အလယ်အလတ် ကာလတွင် ပေါ်ပေါက်လာနိုင်ပြီး လပေါင်းများစွာ ကြာနိုင်ကြောင်း ဂါးလ်က ဆက်လက်ပြောကြားသည်။

– ခွင့်ပြုထားဖွယ် –

တူရကီနိုင်ငံ၏ ဖွဲ့စည်းပုံဥပဒေသည် လက်ရှိအာဏာရပါတီဖြစ်သည့် တရားမျှတရေးနှင့် ဖွံ့ဖြိုးမှုပါတီ(အေကေပီ)က တူရကီတပ်သားများအား ပါလီမန် ၏ သဘောတူညီမှုမရှိဘဲ ပြည်ပသို့ပို့နိုင်ရန် ခွင့်ပြုဖွယ်ရှိကြောင်း အချို့ဥပဒေ ကျွမ်းကျင်သူများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဆန္ဒပြ

ဘဂ္ဂဒက် လူနေရပ်ကွက်တစ်ခုမှ နေထိုင်သူများက အမေရိကန် စစ်သည်များကို ထိုင်လျက်ဆန္ဒပြ နေသည်ကို စောင့်ကြပ်နေသည့် အမေရိကန် ကြည်းတပ် အမှတ်(၁) သံချပ်ကာတပ်မမှ တပ်သားများအား ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။ (အမေရိကန် တပ်စခန်းကို အပေါ်စီးမှ မြင်နေရသည့်အတွက် လုံခြုံရေး အခြေအနေကြောင့် အဆိုပါ လူနေ ရပ်ကွက်ကို အမေရိကန်တို့က ပြောင်းရွှေ့ပေးစေလိုသည်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံတောင်ပိုင်းမှ ကြားဖြတ်အာဏာပိုင်အဖွဲ့ ညှိနှိုင်းရေးမှူး သက်တမ်းကုန်ဆုံး၍ ဗြိတိသျှသံတမန်တစ်ဦး အစားထိုးမည်

ဟိုပင်ဟေဂင် ဇူလိုင် ၂၉

အီရတ်နိုင်ငံတောင်ဖျားပိုင်းရှိ အမေရိကန်ဦးဆောင်သည့် ကြားဖြတ်အာဏာပိုင်အဖွဲ့မှ ဒိန်းမတ်နိုင်ငံသား ညှိနှိုင်းရေးမှူးက ၎င်းတာဝန်ယူထားသော သက်တမ်း အဆုံးသတ်သွားကြောင်းနှင့် ၎င်း၏နေရာအစား ဗြိတိသျှသံတမန်တစ်ဦးဖြင့် လဲလှယ်မည်ဖြစ်ကြောင်း တနင်္လာနေ့က ပြောကြားလိုက်သည်။

ဘာဆရာဒေသ ကြားဖြတ် အာဏာပိုင်အဖွဲ့(စီပီအေ) ညှိနှိုင်း ရေးမှူးရာထူးအဖြစ်မှထွက်ရန် အချိန် တန်ပြီဖြစ်ကြောင်း ဖော်ပြပါညှိနှိုင်းရေး မှူးဖြစ်သူ ဆိုးလာစ်အိုလ်ဆင်က သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

အိုလ်ဆင်က ဘာဆရာရှိ စီပီအေ ညှိနှိုင်းရေးမှူးအဖြစ်အများဆုံးသက်တမ်း ခြောက်လအထိ တာဝန်ယူ ရန် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်ရန် ဖြစ်ပြီး ယခု ၎င်းဆောင်ရွက်ပြီး သက်တမ်းမှာ နှစ်လခွဲမရှိသေးကြောင်း၊ ၎င်း၏နေရာအား ဗြိတိသျှသံတမန် ဖြစ်သူ ဟီလာရီဆစ်နာဖြင့် အစားထိုး ခန့်အပ်သွားမည်ဖြစ်ကြောင်း ဒိန်းမတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြား သည်။

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက် ရေးလုပ်ငန်းများမှာ လက်တွေ့အားဖြင့် များပြားလာပြီးအီရတ်ရှိ ဖော်ပြပါ စီပီ အေ အဖွဲ့အစည်း တစုတစည်းတည်း မဟုတ် ပြန့်ကျဲသွားနေပြီဖြစ်ကြောင်း၊ အဆိုပါ အစိုးရအဖွဲ့အာဏာပိုင်ရုံးများ ကိုအမေရိကန်၊ဗြိတိန်နှင့် ဩစတြေးလျ နိုင်ငံသားများ ဦးဆောင်သည့် နိုင်ငံတကာ အုပ်ချုပ်ရေးမှူးများက ဦးဆောင်မည် ဖြစ်ပြီး အီရတ်နိုင်ငံ၁၈ပြည်နယ်တွင် ထူထောင်မည်ဖြစ်ကြောင်း အဆိုပါ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်း၏ တစ်စ တစ်စ ဆုတ်ယုတ်မှုသည် မိမိမျှော်မှန်း ထားသည်ထက် ဆိုးရွားနေကြောင်း အိုလ်ဆင်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်ရှိ စီပီအေဌာန ချုပ်က မိမိအားလုံလောက်သည့် အရင်း အမြစ်များ ပံ့ပိုးပေးခြင်းမရှိကြောင်း လွန်ခဲ့သည့်လအတွင်းက အိုလ်ဆင်က ဒိန်းမတ်ရေဒီယိုသို့ ပြောကြားခဲ့သည်။

အုပ်ချုပ်ရေးအဖွဲ့ရုံးရှိ မိမိ၏ လူများသည် ပြင်ပသို့သွားရောက်ပါက လုံခြုံရေး အစောင့်အရှောက်များ မရှိ ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ မိမိ မနှစ်မြို့လှကြောင်း အိုလ်ဆင်က ပြောကြားသည်။

ဖော်ပြပါဒေသတွင် လျှပ်စစ် ဓာတ်အား ဖြည့်ဆည်းပေးမှုသည် မသမာသူများ ဖျက်ဆီးမှုကြောင့် အခက်အခဲဆုံး အခြေအနေတစ်ရပ် အဖြစ် ရောက်ရှိနေသည်ဟု အိုလ်ဆင် က ထပ်လောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇူလိုင် ၂၈ ရက်က ဘဂ္ဂဒက်မြို့ လယ် နေအိမ်တစ်အိမ်၏ ခြံဝင်း အတွင်းမှ ရှာဖွေတွေ့ရှိသော မပေါက် ကွဲသေးသည့် ဒုံးကန်အားသုံးဗုံး နှစ်လုံးနှင့် လက်လုပ်ဗုံးတစ်လုံးကို အမေရိကန်တပ်သားများ သယ်ယူ နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ်လိုက်ဘားမင်း အီရတ်အရေးနှင့်စပ်လျဉ်း၍ ဒီမိုကရက်များအားဝေဖန်

ဝါရှင်တန် ဇူလိုင် ၂၉

အမေရိကန်အထက်လွှတ်တော် ဒီမိုကရက်တစ်အမတ်ဂျိုးဇက်လိုက်ဘားမင်းက အီရတ် သမ္မတဆက်ဒမ်ဟူစိန်အား ဖယ်ရှားသည့်စစ်ကို တရားမျှတသည်ဟု ဆိုသော်လည်း ယင်းအချက်ကို မထောက်ခံသည့် ပြိုင်ဘက်ဒီမိုကရက်တစ်သမ္မတလောင်းအလားအလာရှိသူများအား တနင်္လာနေ့တွင် ဝေဖန်လိုက်ပြီး ၎င်းတို့၏လုပ်ရပ်မှာ ဒီမိုကရက်များအား ကာကွယ်ရေးတွင် ပျော့ညံ့သူများဖြစ်အောင် ဖော်ပြနေခြင်း ဖြစ်သည်ဟုလည်း ပြစ်တင်ပြောကြားလိုက်သည်။

ကာကွယ်ရေးအင်အားတောင့်တင်းရေးသည် ဒီမိုကရက်တစ်ဦးပီသသည့် ခံယူချက်ဖြစ်ကြောင်း လိုက်ဘားမင်းကပြောဆိုလျက်သူသာ လျှင် ဒီမိုကရက်တစ်ပါတီ၏ ခေတ်ရေစီးကြောင်း သဘောထားကို ကိုယ်စားပြုသူဖြစ်သည်ဟူ၍ကြွေးကြော်ကာ ဒီမိုကရက်တစ်သမ္မတ လောင်းဖြစ်နိုင်ခြေရှိသူ ကိုးဦးအနက်မှ ခေါင်းတစ်လုံးပိုထွက်ပြလိုက်သည်။

ဝါရှင်တန်ဒီစီရှိကွန်ဂရက်လွှတ်တော် အဆောက်အအုံ၌ လိုက်ဘားမင်းက မိန့်ခွန်းပြောရာတွင် သမ္မတဘုရှ်အား အီရတ်စစ်ပြီးကာလ ဖြစ်ကတတ်ဆန်းလုပ်မှုနှင့် ၎င်း၏ ဖန်နဝါရီလကပြောကြားသည့် နိုင်ငံတော်အခြေပြမိန့်ခွန်း၌ အီရတ်၏ နျူကလီးယားလက်နက် ထုတ်လုပ်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ သံသယဝင်စရာပြောကြားမှုအပေါ် တာဝန်မယူခြင်းတို့အတွက်လည်း ပြစ်တင်ဝေဖန်လိုက်သည်။

အမ်အင်အေ၊ရိုက်တာ။



ဇူလိုင် ၂၉ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် အာရှ–ပစိဖိတ်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ညီလာခံကျင်းပရာနေရာ အပြင်ဘက်၌ ကျေးကျွန်ဘဝရောက်နေရရှာသည့် အာဖရိကလူမျိုးများ၏ ဘဝကို သရုပ်ဖော်ကာ ဆန္ဒပြနေသူတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စောင့်ကြည့်နေစဉ်။

(ဓာတ်ပုံ–ဆင်ဟွာ)

ကုန်သွယ်ရေးသဘောတူညီမှု တူရကီနှင့်လက်မှတ်ထိုးရန် ဆီးရီးယား ဆန္ဒပြင်းပြ

အန်ကာရာ ဇူလိုင် ၂၉

ဆီးရီးယားနိုင်ငံသည် နှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ရန်နှင့် ဒေသတွင်း စီးပွားရေးကို အကျိုးပြုနိုင်စေရန် တူရကီနိုင်ငံနှင့် လွတ်လပ်သည့် ကုန်သွယ်ရေး သဘောတူညီမှု (အက်ဖ်တီအေ) လက်မှတ်ရေးထိုးရန် ဆီးရီးယားက ဆန္ဒပြင်းပြကြောင်း ဆီးရီးယားစီးပွားရေးနှင့် နိုင်ငံခြား ကုန်သွယ်ရေးဝန်ကြီး ဂါဆန်အယ်ရီ ဖိုင်က တနင်္လာနေ့တွင် ပြောကြား သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မူးယစ်ဆေးဝါး အမှု ၆၈၀၀ ဗီယက်နမ်၌ ဖမ်းဆီးဖော်ထုတ်

ဟနွိုင် ဇူလိုင် ၂၉

ဗီယက်နမ်နိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတစ်ဝန်းလုံး၌ ယခုနှစ်ပထမနှစ်ဝက်အတွင်း မူးယစ် ဆေးဝါးနှင့်ဆက်နွှယ်သည့်အမှု ၆၈၀၀ကို ရှာဖွေဖော်ထုတ်ခဲ့သည်။

ဗီယက်နမ်ရဲတပ်ဖွဲ့သည် တရားခံ ၁၀၀၀၀ကျော်ကို ဖမ်းဆီးမိပြီး ဘိန်းဖြူ ၉၈ ဒသမ ၄ ကီလို၊ ဘိန်းစိမ်း ၂၁၇ ကီလိုနှင့် မူးယစ်ဆေးပြား ၉၃၀၀၀ တို့ကိုလည်း သိမ်းဆည်းမိခဲ့သည်။

အဆိုပါ ကာလအတွင်း သိမ်းဆည်းမိသည့် ဘိန်းဖြူပမာဏသည် ယမန်နှစ်အလားတူ ကာလကထက် သုံးဆကျော် ပိုမိုများပြားကြောင်းဖြင့် လူငယ်သတင်းစာကဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ အကြီးမားဆုံးနှင့် စီးပွားရေးအချက်အချာကျရာ ဟိုချီမင်းစီးတီးတွင် ဒေသန္တရရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် သုံးစွဲမှု ၉၅၉မှု ရှာဖွေဖော်ထုတ်ခဲ့ပြီး တရားခံ ၁၇၃၆ဦးကို ဖမ်းဆီးမိကာ မူးယစ်ဆေးပြား ၂၆၂၆ ပြားသိမ်းဆည်းမိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဇူလိုင် ၃၀

အလုံမြို့နယ် သစ်တောလမ်း ဇေတနာရာမပရိယတ္တိစာသင်တိုက်၌ ဩဂုတ် ၄ ရက်တွင် အမေ့ကျေးဇူးဆပ် တရားဓမ္မသဘင်ကို အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိ မဟာဌာန ကထိက ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပျိုးခြင်းမျှတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ကာမ်းမမြင် လမ်းမမြင် (၃)

ခေင်ညို

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အရေးပေါ် ပါတီညီလာခံမှ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ခြင်းမပြုတော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ချက်ချမှတ်ပြီး နောက် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်က လက်ခံသဘောတူခဲ့ပြီး–

(က) ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပရန်။

(ခ) ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်နေသော အခြေခံဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် အခြားဥပဒေ၊ နည်းဥပဒေများ ပယ်ဖယ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့ လွှဲအပ်ရန်။

(ဂ) အခြေခံ ဥပဒေပုဒ်မ–၄၃(က)အရ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး၍ ပြည်သူ့လွှတ်တော်အသစ် စတင်စည်းဝေးသည့်နေ့ အထိသာဖြစ်ကြောင်း လျှော့ပေါ့သတ်မှတ်ရန်။

အဘယ်မျှ အဆင်ပြေတဲ့အနေအထားဖြစ်သည်ကို စဉ်းစားကြည့်ကြပါကုန်။

တစ်ပါတီစနစ်မှသည် ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရေးအတွက် ဤမျှအထိ တူတူတန်တန် သိက္ခာရှိရှိလုပ်ပေးခဲ့သည်ကို မျက်ကွယ်ပြုငြင်းဆန်ပြီး **ကြားဖြတ်အစိုးရ** မှ **ကြားဖြတ်အစိုးရ** ဖြစ်နေခြင်းမှာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားဟု မေးစရာတွေဖြစ်လာခဲ့သည်။ စာရေးသူအမြင် ပြောရလျှင် လုံးဝသွေးရိုးသားရိုးမဟုတ်ပေ။ အဘယ်သူတွေ အဘယ်လိုဝင်ပြီး ဆရာကြီးလုပ် အခါတော်ပေးနေသနည်း။ လေ့လာကြည့်လိုက်သောအခါ ၉-၉-၈၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာကြီးများမှတစ်ဆင့် ပြည်သူတို့ထံ တင်ပြခဲ့သည့် အထူးသတင်းစာရှင်းလင်းပွဲတွင်–

"....စတီဗင်ဂျေဆိုလာ့ဇ်သည် အမေရိကန် ကွန်ဂရက်အမတ်တစ်ဦး ဖြစ်ကြောင်း၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌဖြစ်ပြီး ၄-၉-၈၈ ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိခဲ့ကြောင်း၊ ထိုစဉ်က သမ္မတ ဖြစ်ခဲ့သည့် ဒေါက်တာမောင်မောင်နှင့် တွေ့ဆုံခဲ့ပြီးနောက် ဆက်လက်ပြီး ဦးနု၊ ဦးအောင်ကြီး၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် တစ်ရက်သာနေခဲ့ပြီး "ကြားဖြတ်အစိုးရ" ဖွဲ့စည်းရေးအတွက် အကြံဉာဏ်ပေးခဲ့သူဖြစ်ကြောင်း..."

ဟူ၍ ရှင်းလင်းတင်ပြသွားသည်ကို တွေ့ရှိရသည်။ ဤမျှလောက်ဆိုလျှင် စဉ်းစား၍ ရနိုင်ပေပြီ။ စာရေးသူတို့တိုင်းပြည်က နိုင်ငံရေးသမားဆိုသော လူများအနေဖြင့် ကိုယ့်ပြည်သူများ၏အရေး၊ ကိုယ့်နိုင်ငံ၏ နောင်ရေးအတွက် အေးအေးဆေးဆေးနှင့် ကိုယ့်အချင်းချင်းတွေ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် လုပ်လို့ရပါလျက်ကယ်နှင့် ပြည်သူများ၏အရေး ဘေးချိတ်၊ နိုင်ငံတော်၏ နောင်ရေး ချောင်ထိုးပြီး ကိုယ်အာဏာရဖို့အတွက် အငြိုးအတေးများ၊ အာဃာတတရားများဖြင့် သူစိမ်းကို ဆရာတင်၊ အခါတော်ပေးသည့်အတိုင်း လုပ်နေကြသည့်အတွက် ရှုပ်ကုန်ခြင်းဖြစ်သည်။

အာဏာစက် ကုန်ခန်းနေသော လမ်းစဉ်ပါတီအစိုးရနှင့် လူထုအုံကြွဆန္ဒပြသူများကို ဦးဆောင်နေသော နိုင်ငံရေးသမားဆိုသူများအကြား အာဏာလုပွဲများ ပြင်းထန်လာခဲ့သည်။ အဲဒီအတောအတွင်းမှာပင် ဆူပူအကြမ်းဖက်ဆန္ဒပြသူများနှင့် နိုင်ငံရေးတောကြောင်များ ပေါင်းမိပြီး ကာကွယ်ရေးဝန်ကြီးဌာနကို စိန်ခေါ်အားစမ်းမှု ပြုလာသည့်နည်းတူ ကုန်သွယ်ရေးဝန်ကြီးရုံးကို ဝိုင်း၍ လုံခြုံရေးတာဝန် ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦး အပါအဝင် စစ်သည် ၂၄ ဦးကို ဖမ်းဆီးခဲ့သည့်အပြင် လက်နက်ခဲယမ်းမီးကျောက်များ သိမ်းယူသည့်အထိ အရှိန်တိုးမြှင့် ရမ်းကားလာခဲ့ကြသည်။

နိုင်ငံတော်တစ်ဝန်းလုံးတွင်လည်း တရားဥပဒေစိုးမိုးမှု ကင်းမဲ့ပြီး ငြိမ်ဝပ်ပိပြားမှုများမရှိသည့်အပြင် မင်းမဲ့စရိုက်များက တစ်နေ့တခြား ကြီးထွားလာသည့်နည်းတူ ဆူပူဆန္ဒပြမှုများကလည်း အတောမသတ်သည့် အနေအထား။ အေးအေးချမ်းချမ်း နေထိုင်လိုကြသည့် ပြည်သူအများစုအတွက် ကြောက်မက်ဖွယ်ရာ အိပ်မက်ဆိုးကြီးမှ ကယ်ထုတ်မယ့်သူက မရှိ၊ တကယ့်ကို ခေတ်ပျက်နေသည့်အချိန်။

ထိုသို့သော အခြေအနေမျိုးတွင် တပ်မတော်ကမှ ကြားဝင်မထိန်းသိမ်းမကယ်တင်လျှင် စာရေးသူတို့တိုင်းပြည် ဘာဖြစ်သွားမည်ထင်သနည်း။ စာရေးသူတော့ မစဉ်းစားရဲပေ။ ကမ္ဘာ့နိုင်ငံတိုင်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရဖြစ်စေ၊ နိုင်ငံတော်၏အရေးအရာအတွက် တာဝန်ရှိသော အဖွဲ့အစည်းများ၏ ကျင့်ဝတ်အရဖြစ်စေ နိုင်ငံတော်၌ စနစ်တကျဖွဲ့စည်းထားသော တပ်မတော်တိုင်းသည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၏ အကျိုးစီးပွားနှင့် ကိုယ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို တာဝန်ယူကြရစမြဲပင်။ သို့အတွက် စာရေးသူတို့နိုင်ငံတွင် တပ်မတော်အစိုးရ ပေါ်ပေါက်လာမှုကို စာရေးသူတို့က အစွဲကင်းကင်းဖြင့် မမြင်သင့်ပါပြီလော။ စာစကား ပေစကားနှင့်ပြောရလျှင် သမိုင်း၏တောင်းဆိုချက်အရ ပေါ်ပေါက်လာသော အစိုးရ။

သမိုင်း၏ တောင်းဆိုချက်ကြောင့် ပေါ်ပေါက်လာခဲ့ရသော တပ်မတော်အစိုးရနှင့် ၁၉၈၈ အရေးအခင်းကြီးက အသက်သွင်း မွေးထုတ်ပေးလိုက်သော နိုင်ငံရေးလောကသားများသည် တပ်မတော်အစိုးရ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပေါ်ပေါက်လာပြီးသည့်နောက် ရင်ဆိုင်တွေ့ကြလေပြီ။ နိုင်ငံရေးပါတီအချို့သည် တပ်မတော်အပေါ် ယခင်က ရှိခဲ့ကြသည့် နိုင်ငံရေးအာဃာတများ၊ ပုဂ္ဂိုလ်ရေး မုန်းတီးမှုများကို ရှေ့တန်းတင်ပြီး ထိပ်တိုက်ရင်ဆိုင်ရန် ကြိုးစားလာခဲ့ကြသည်။ ထိုအထဲတွင် NLDပါတီသည် တပ်မတော်အပေါ် အပုတ်ခတ်ဆုံး၊ အတိုက်ခိုက်ဆုံး။

အမှန်တွင်ကား တပ်မတော်အစိုးရဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရ မဟုတ်ပေငြား၊ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပြီး တရားနည်းလမ်းတကျ တက်ရောက်လာမည့် အစိုးရတစ်ရပ် ပေါ်ထွက်လာရေးကို ဆောင်ရွက်ပေးနေသည့် အစိုးရဟု နားလည်မိပေတယ်။ သို့သော် မျက်မှောက်ခေတ်ကာလ၌ ဖြစ်ပေါ်နေသည့် အခြေအနေများအရ ၁၉၈၈ ခုနှစ်အတွင်းဆီက ပုဂ္ဂိုလ်ရေးအာဃာတများ၊ တပ်မတော်ကို ပုတ်ခတ်ရန်စခြင်းများနှင့် လူစွမ်းကောင်းလုပ်ပြချင်သူတွေက တပ်မတော်၏ ရပ်တည်ချက်ကို သဘောမပေါက်ဘဲ ထိပ်တိုက်ဆန့်ကျင် ရင်ဆိုင်သည့် လမ်းကြောင်းကိုသာ အသုံးပြုနေကြပြန်သည်။

တပ်မတော်အစိုးရကို ဝေဖန်ပုတ်ခတ် တိုက်ခတ်သည့်နည်းလမ်းများဖြင့် လူထုကို စည်းရုံးရေးလက်နက်ကောင်းတစ်ခုအဖြစ် အသုံးချသည့် အမှုအကျင့်ကို မဖျောက်ဖျက်နိုင်သူများမှာ ဒီကနေ့ NLD ပါတီ ခေါင်းဆောင်ပိုင်းများဖြစ်ကြသည့်"ဒေါ်စုကြည်"နှင့် ဦးတင်ဦး ပင်။ သတင်းစာများတွင် အခန်းဆက် ဖော်ပြပေးသွားသည့် မောင်ရင်မိုင်း၏ **ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ** ဆောင်းပါးတွေကို ဖတ်ရသောအခါ "ဒေါ်စုကြည်" တစ်ယောက် ဘယ်အချိုးပြန်ချိုးနေသည်ဆိုခြင်းကို စာရေးသူ သဘောပေါက်သွားခဲ့သည်။

တည်ဆဲအစိုးရနှင့် အင်န်အယ်လ်ဒီပါတီတို့အကြား ရင်ကြားစေ့မရ ဖြစ်နေတဲ့ အခြေအနေများမှသည် အလားအလာကောင်းများ အညွှောက်ပေါက်စပြုချိန်တွင် ဤသို့ ပြဿနာကြီးပေါ်လာသည်ဆိုသောအခါ အခြေအနေအရပ်ရပ်သည် မှန်းဆရခက်သွားလေပြီ။ "ဒေါ်စုကြည်"အနေဖြင့် ပါတီသက်တမ်းတစ်လျှောက် ပါတီ၏ အင်အားကို အဘယ်သို့အသုံးချပြီး သူမ၏တစ်ကိုယ်တော် လူစွမ်းကောင်းဝါဒကို အဘယ်သို့ ဖန်တီးပုံဖော်ခဲ့သည်ဆိုခြင်းကို ပြန်၍အစကောက်ကြည့်လျှင်...။

NLDပါတီအတွင်း "ဒေါ်စုကြည်"၏ အမာခံအုပ်စုဟု ပြောလို့ရသည့် တတ်သိပညာရှင် အုပ်စုဝင်များက ၁၉၈၉ ခုနှစ် ဇွန်လ ပထမပတ်အတွင်း ပြုလုပ်သည့် ဆွေးနွေးပွဲတစ်ခုတွင် ဒေါ်စုကြည်ကို Civil Disobedience သဘော သက်ဝင်သော အမေရိကန် အတွေးခေါ်ပညာရှင် Henry David Thoreau၏ စာပိုဒ်တစ်ပိုဒ် ရွတ်ဖတ်တင်ပြခဲ့ကြသည်။ ဤသည်ကို အဖွဲ့ဝင်အားလုံးက သဘောကျပြီး မြန်မာလို ကိုက်ညီမည့်စာသားကို ဝိုင်းပြီးအကြံပြုပေးခဲ့ကြသည်။

"ဒေါ်စုကြည်"က အဲဒီအကြံပြုချက်ကို သဘောကျပြီး နောက်ထပ် လေးငါးရက်အကြာ ပြုလုပ်တဲ့ အစည်းအဝေးတွင် အာဏာဖီဆန်ရေးလိုင်းကို ဆွေးနွေးရန် ဦးဝင်းတင်ကို တာဝန်ပေးခဲ့သည်။ ဦးဝင်းတင်က ထိုကိစ္စကို အလုပ်အမှုဆောင် အစည်းအဝေး၌ ဆွေးနွေးခဲ့ပြီး **အများသဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ** ဟူသော ကြွေးကြော်သံကို တင်ပြခဲ့သည်။ ဤသည်ကို အကြိုက်ကြီး ကြိုက်သွားခဲ့ပြီး NLDပါတီ၏ ဆောင်ပုဒ်အဖြစ် စွဲကိုင်ကျင့်သုံးသည်အထိ ဖြစ်လာခဲ့သည်။ ၂၁-၆-၈၉ ရက်မှစ၍ NLDက ထုတ်ဝေသော စာတမ်းတိုင်းတွင် ထိုဆောင်ပုဒ်ကို ထည့်သွင်းကာ ပြောင်ပြောင်တင်းတင်း ဖီဆန်မှုများ လုပ်ပြလာခဲ့တော့သည်။

လက်တွေ့အကောင်အထည် ဖော်မှုအပိုင်းအနေဖြင့် ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်ခဲ့သည့် (၄၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားဆန့်ကျင်လှုပ်ရှားမှု ဆောင်ရွက်ချက်ပင်။ NLD အနေဖြင့် ၁၉၈၉ ခုနှစ် ဇူလိုင်လ ၁၃၊ ၁၄၊ ၁၆၊ ၁၈ ရက်များတွင် အခြားနိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များကို ဖိတ်ခေါ်ပြီး အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် "ဒေါ်စုကြည်"က ဘာပြောသလဲဆိုလျှင်အာဇာနည်နေ့တွင်နိုင်ငံရေးပါတီတစ်ခုကို ဆယ်ဦး တက်ရောက်ခွင့်ရပြီး ပန်းခွေချရန် ကြေညာထားသော်လည်း သူမ၏ NLD ပါတီအနေဖြင့် ပန်းခွေချရန် တရားဝင်ခွင့်ပြုချက်ရယူမှာ မဟုတ်သည့် အကြောင်း၊ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ရမည့်အကြောင်း၊ ပြောဆို၍ အခြားပါတီများအနေဖြင့်လည်း NLD ပါတီနည်းတူ အာဏာဖီဆန်ရေးလမ်းကြောင်း လိုက်သင့်ကြောင်း ပြောကြားခဲ့သည်။

အာဇာနည်နေ့ အခမ်းအနားကို NLDအနေဖြင့် အာဏာဖီဆန်ပြီး လူစုလူဝေးဖြင့် ဆန္ဒပြ ဦးဆောင်ချီတက်မည့် အစီအစဉ်နှင့် ပတ်သက်၍ ၁၈-၇-၈၉ ရက်နေ့ တစ်ညလုံးနီးပါး NLDခေါင်းကြီးပိုင်းများ ဆွေးနွေးခဲ့ကြသည်။ အာဇာနည်နေ့အခမ်းအနားကို သပိတ်မှောက်ဖို့ စာထုတ်သည့် အနေဖြင့် "ဒေါ်စုကြည်"ကိုယ်တိုင်ကြေညာချက်ရေးလက်မှတ်ထိုးပြီးဖြန့်ဝေခိုင်းလိုက်သည်။

ကျန်သည့် ခေါင်းဆောင်ပိုင်းများနှင့် "ဒေါ်စုကြည်"တို့ သပိတ်မှောက်ဆန္ဒပြ ချီတက်ရေး အစီအစဉ်များ ညှိနှိုင်းဆွေးနွေးကြရာတွင် နောက်ဆုံး အခြေအနေအရပ်ရပ်အပေါ်သုံးသပ်ပြီး"ဒေါ်စုကြည်"တစ်ဦးတည်းကအဆုံးအဖြတ်ပေးရန်၊ ထိုအဆုံးအဖြတ်အတိုင်း လိုက်နာကြရန် သဘောတူလိုက်ကြသည်။ ဇူလိုင်လ ၁၉ ရက်နေ့သို့ ကူးပြောင်းလာပြီ။ ညတစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီအထိ ဒေါ်စုကြည် ဘယ်လိုဆုံးဖြတ်မလဲဆိုသည်ကို ခေါင်းကြီးပိုင်းများက ရင်တမမဖြင့် စောင့်နေခဲ့ရသည်။

မနက် လေးနာရီ။

အသံထွက်လာပြီ။ ချီတက်မည့်အစီအစဉ်ကို ဖျက်လိုက်တော့တဲ့။ အားလုံးဝမ်းသာသွားကြသည်။ သို့သော် ဆေးမမီသည့် နေရာတွေမှာ ဆေးမမီတော့ပေ။ လမ်းဆုံ လမ်းခွများတွင် လူငယ်အချို့ အုပ်စုဖွဲ့ ရောက်နှင့်နေကြပြီ။ ထိုမှာတင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တိုးပြီး ထိန်းသိမ်းခံကြရကုန်ပြီ။ ဘယ်သူတွေ နာသနည်း။ နောက်လိုက်တွေပဲ ထိုးအကျွေးခံရသလို ခံရသည်မဟုတ်ပါလား။

စင်စစ် အဲဒီအာဇာနည်နေ့ဖြစ်ရပ်သည် လက်ဝဲအင်အားစုများနှင့် အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်သို့ တက်လိုကြသည့် အစွန်းရောက်ဝါဒီများက "ဒေါ်စုကြည်"ကို အသုံးချလိုက်ခြင်းသာဖြစ်သည်။ "ဒေါ်စုကြည်" အနေဖြင့်သူကိုယ်တိုင် တရားခံဖြစ်မည့် ထောင်ချောက်မှ ရုန်းထွက်နိုင်ခဲ့သော်လည်း သူဆင်ထားသည့် ထောင်ချောက်ထဲမှ ပါတီဝင်များကိုမူ အမိအရ ပြန်ပြီး ဆွဲမထုတ်နိုင်လိုက်ပေ။ **(ဆက်လက်ဖော်ပြပါမည်)**

ဖြူးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၃၀

ဖြူးမဟာစည် ဓမ္မရက္ခိတကျောင်းတိုက်(ကမာရွတ်ဘူတာနောက်ကျောဘက်)၌ ဖြူးမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဩဂုတ် ၂၄ရက်၌ ကျင်းပမည်ဖြစ်သည်။ ဖြူးမြို့နယ်သူနယ်သားများအားလုံး အသင်းဝင်ဖြစ်စေ၊ အသင်းဝင်မဟုတ်သူများဖြစ်စေ တက်ရောက်ကြရန်နှင့် ဒါနဝတ္ထု အစုစုတို့ကို ဦးဝင်းမောင် ဖုန်း–၅၂၅၅၇၇၊ ဦးလှမြင့်ကျော် ဖုန်း–၅၇၂၆၅၆၊ ဦးကြည်ဝင်း ဖုန်း–၂၈၁၅၄၀၊ ဦးစိုးတင့် ဖုန်း–၅၆၆၃၆၆၊ ဦးဂုဏ်ရင် ဖုန်း–၅၇၉၃၇၈၊ ဦးအောင်သန်း ဖုန်း–၂၉၇၁၂၉နှင့် ဒေါ်အေးအေးရီ ဖုန်း–၂၂၂၅၃၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

လေအေးပေးစက် သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

လူငယ်များအတွက် လေအေးပေးစက်နှင့် ရေခဲသေတ္တာ လက်တွေ့သင်တန်း၊ အီလက်ထရောနစ်သင်တန်းနှင့်လက်တွေ့အသုံးချလျှပ်စစ်သင်တန်းများကိုဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ စိတ်ဝင်စားသူသည် Cosmic Engineering Group Training and Deavice Centre တာမွေမြို့နယ် ဓမ္မဝိဟာရလမ်း အမှတ်(၃၁)၊ဖုန်း–၅၄၉၈၉၇သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

ကွန်ပျူတာသင်တန်းများ တိုးချဲ့ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၃၀

True Hope Computer Business Centre မှ ကွန်ပျူတာပညာလေ့လာ မင်္ဂလာတောင်ညွန့်မြို့နယ် တိုက်(၇) အခန်း(၂၁) စံပြ ဖဆပလ အိမ်ရာဝင်း၊ ဖုန်း–၂၅၀၃၅၂ရှိ ပင်မ Center အပြင် စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း အမှတ်(၁၃၀)၊ ဖုန်း–၅၀၀၈၆၁ရှိ Miracleဗိုလ်တထောင်မြို့နယ် အမှတ်(၁၄၉) ဗိုလ်ချုပ်လမ်းမ (၄၆)လမ်းနှင့် (၄၇) လမ်းကြားရှိ Matrixနှင့် ကျောက်တံတားမြို့နယ် အမှတ်(၁၅၁) ပထပ် (၃၄)လမ်း၊ ဖုန်း–၂၄၁၀၉၄ရှိ Master တို့နှင့် ပူးပေါင်းတိုးချဲ့ဖွင့် လှစ်သင်ကြားလျက်ရှိသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁–၇–၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း		ညပိုင်း	
၇:၀၀	၁။ မြဝတီအဖွင့်	၄:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း	၄:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်	၄:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း	၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်	၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်	၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ	၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း	၄:၅၅	၈။ မျိုးချစ်တပ်မတော်
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ	၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် (က) ပထမနှစ် (အရှေ့တိုင်းပညာ) (ခ) ပထမနှစ်(ပထဝီဝင်)
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား		
၈:၁၆	၁၁။ ပြီးပါပြီ။		

၅:၃၅	၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
၅:၄၅	၁၁ ။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အထ္ထဝါချစ်သူ (အပိုင်း–၁၂)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ **မင်းကွန်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (အဋ္ဌမဆယ်စုနှစ်)(အပိုင်း–၄)**
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား(အပိုင်း–၃၈)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

သီတဂူဆရာတော် ဓမ္မဒူတခရီးစဉ်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကအကျော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဒေါက်တာဉာဏိဿရသည် ယနေ့နံနက် ၉နာရီတွင် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာပြည်သို့ ပြန်လည်ကြွရောက်တော်မူသည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ညောင်ဦးမြို့လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း စိုက်ဧက ၁၁၀၀၀ ကို စိုက်ပျိုးရေပေးဝေရန်လျာထား

ရန်ကုန် ဇူလိုင် ၃၀

မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးသိန်းနိုင်နှင့် တပ်မတော်အရာရှိများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၆နာရီ ၄၅မိနစ်တွင် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ညောင်ဦးခရိုင် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေစုပ်စက်များတပ်ဆင်မှု၊ စိုက်ပျိုးရေပေးဝေမှု အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းလှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို ညောင်ဦးခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာဦးသိန်းဇော်က ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဒေါက်တာမြသွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်ဓာတ်အား တပ်ဆင်ပေးမှုအခြေအနေကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းစီမံ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းစီမံပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧရာဝတီမြစ်၏ ရေစီးရေလာအခြေအနေနှင့်ရေတင်စက်ရုံမှ ရေတင်မှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ညောင်ဦးမြို့နယ် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဆင့်(၁) မြောင်းမကြီးအထက်မှ မြောင်းမကြီးအတွင်း ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြစ်ရေတင်ပထမအဆင့်တွင် မိုးစပါးပျိုးထောင်နေမှု၊ မြေယာပြုပြင်ပြီးတိုက်ရိုက်အစေ့ချ စိုက်ပျိုးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်အဆင့်(၃) မြောင်းမကြီးမှရေကို လက်တံမြောင်းအမှတ်(၂)မှတစ်ဆင့် လယ်မြေများသို့ ရေသွင်းနေမှုအခြေအနေနှင့် ပျိုးထောင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့်တာဝန်ရှိသူတို့က လိုက်လံပြသ ရှင်းလင်း တင်ပြကြသည်။

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် လျှပ်စစ်မြစ်ရေတင်ဖြင့် စပါးဧက ၁၀၀၀၊ ဝါဧက ၁၅၀၀နှင့် ပဲနှင့် ဆီထွက်ဧက ၈၄၀၀စုစုပေါင်း စိုက်ဧက ၁၁၀၀၀ကို စိုက်ပျိုးရေပေးဝေရန်လျာထားပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မိုးစပါး ၁၀၂ဧက စိုက်ပျိုးရန်သတ်မှတ်ထားရာ ၁၀ဧကကိုပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်ပြီး ကျန် ၉၂ဧကကို တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်သည်။ ယခုအခါ ပျိုးထောင်စနစ်ဖြင့်စိုက်ပျိုးမည့် ၁၀ဧကတွင် တစ်ဧကကို စိုက်ပျိုးထားပြီးဖြစ်သည်။

ယခုအခါ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွင် တူးမြောင်းအားလုံး ပြီးစီးနေပြီဖြစ်ပြီး တူးမြောင်းအဆောက်အအုံ ၅၂၉ခု အနက် ၄၅၆ခု၊ ရေထုတ်ပြွန်အခု ၅၀တို့ ပြီးစီးနေပြီဖြစ်သည်။ ရေစုပ်စက်များတပ်ဆင်မှုမှာ အဆင့်(၁)၌သုံးလုံး၊အဆင့်(၂)၌ရှစ်လုံး၊ အဆင့်(၃)၌ခုနစ်လုံးတပ်ဆင်ပြီးစီးနေပြီး အဆင့်(၄)၌ ခြောက်လုံး၊ အဆင့်(၅)၌ ငါးလုံး၊ အဆင့်(၆)၌သုံးလုံးနှင့် အဆင့်(၇)၌ ငါးလုံးတို့ကို တပ်ဆင်ဆဲဖြစ်သည်။ လျှပ်စစ်ဓာတ်အား တပ်ဆင်ပြီးစီးမှုမှာ (၅)အမ်ဗွီအေ တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၈နာရီ မိနစ်၄၀တွင်ပုဂံ-ညောင်ဦးမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ လက်ဝှေ့အဖွဲ့ချုပ်သို့ အားဆေးနှင့်အစားအစာများလှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့က မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သို့ အားဆေးနှင့် အင်အားဖြည့်အာဟာရ အစားအစာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄နာရီတွင် သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးစခန်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင် ဒေါ်မာလာတင့်၊ ဒေါ်ခင်သက်ဌေး၊ ဒေါ်အေးအေးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ နည်းပြဆရာများနှင့် လက်ဝှေ့အားကစားသမားများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်မာလာတင့်က မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သို့ အားဆေးနှင့်အင်အားဖြည့် အာဟာရ အစားအစာများ ပေးအပ်လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် နာယက ဒေါ်မာလာတင့်က အားဆေးနှင့် အင်အားဖြည့် အာဟာရအစားအစာများကို မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွဲ့ချုပ်၏လက်ရှိဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးများ ဝိုင်းမော်၊ ပဲခူးနှင့်မူဆယ်တို့၌ဖမ်းမိ

ရန်ကုန် ဇူလိုင် ၃၀

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၉ ရက်တွင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာ ရပ်ကွက်(၁)နေ ဦးဂွမ်မော်၏သား ဂွမ်ယော်၏နေအိမ်၌ မူးယစ်ဆေးဝါးများအရောင်းအဝယ်ပြုလုပ်ရန်ရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင်ဂွမ်ယော်နှင့် ယင်းနေအိမ်၌ရောက်ရှိနေသူတစ်ရပ်ကွက်တည်းနေ ဦးဖော်ကွန်ဂမ်၏သမီး ဒေါ်ကော့နော်(ခ) ဒေါ်ကော့ရောင်တို့နှစ်ဦးအား ဘိန်းမည်း ၂၃သမ ၅၃၁ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇူလိုင်၂၁ရက်တွင် နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပဲခူးမြို့အဝင် ပိုလန်စစ်ဆေးရေးစခန်း၌ သတင်းအရ ယာဉ်အဝင်/အထွက်များ ရှာဖွေစစ်ဆေးခဲ့ရာ ခရီးသည်တင်မှန်လုံယာဉ်အမှတ်(၅ခ/၂၄၁၁)ပေါ်တွင် စီးနင်းလိုက်ပါလာသူ ခရီးသည် ကျောက်တံခါးမြို့နယ် အန္တန်းနသားကျေးရွာနေ ဦးသဒ္ဒါကျူး၏သား ဂျက်ကူးမားအား ၎င်းသယ်ဆောင်လာသည့် ဆေးခြောက် ၁ ဒသမ ၅ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် အဆိုပါရက်၌ပင်ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မန်ဝိန်းကျေးရွာ စွမ်စော်ရပ်ကွက်ရှိ အိမ်အမှတ်(မရှိ) နေအိမ်တစ်အိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ အရောင်းအဝယ်ပြုလုပ်နေသူ တရုတ်နိုင်ငံ မန်စီမြို့ (၇)ရပ်ကွက် ချမ်တုံးချမ်နေ ဦးရန်ရွှင်ထန်၏သား ရန်ဆန်လျိုနှင့် တရုတ်နိုင်ငံ လုံလင်မြို့နယ် တုံကျားဆိုင်ကျေးရွာနေ ကျောင်ကွေ့ဘောင်၏သား ကျောက်တဲ့ချင်တို့နှစ်ဦးအား ဘိန်းဖြူ ၁ ဒသမ ၄ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

ဝါဏိဇ္ဇတွဲ့ရများအသင်း(မြန်မာနိုင်ငံ) CGA မှ ကြီးမှူး၍ (၁၄)ကြိမ်မြောက် စီးပွားရေးပညာရပ်ဆိုင်ရာဟောပြောပွဲကိုဩဂုတ် ၉ရက်(စနေနေ့)နံနက် ၉နာရီခွဲ၌ Conference Hall, MICT Park (လှိုင်နယ်မြေ)တွင် ဒေါက်တာစိန်မောင် (ဘဏ်လုပ်ငန်းပညာရှင်)က Some Lessons From International Financial Crises ခေါင်းစဉ်ဖြင့် နိုင်ငံတကာတွင် ကြုံတွေ့ခဲ့ရသော ဘဏ္ဍာငွေကြေးဆိုင်ရာအကျပ်အတည်းများအား ဆန်းစစ်၍ ဆင်ခြင်ဖွယ်ရာ သင်ခန်းစာများ၊ ဆောင်ရန်၊ ရှောင်ရန် သတိပြုရန်အချက်များနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးမည်ဖြစ်သည်။

မည်သူမဆိုတက်ရောက်နိုင်ပြီး အသင်းရုံး-အမှတ် ၃၇/၄၁၊ လမ်း၅၀ (အောက်)၊ ဖုန်း-၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးကြည်သာစိုး ဖုန်း-၇၂၃၀၇၂၊ ၂၈၆၈၉၄၊ တွဲဖက်အတွင်းရေးမှူးဦးသန်းအောင် ဖုန်း-၀၉-၉၉-၂၂၂၅၀ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

(၁၇၅)ကြိမ်မြောက် သိန်းဆုဖွင့်ပွဲ ၂၀၁၁၂ဆု ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၃၀

(၁၇၅) ကြိမ်မြောက် ငွေကျပ်(၅၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဩဂုတ် ၁ရက်(သောကြာနေ့)တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက်၉နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ်(၅၀)တန်ထီ (၁၇၅)ကြိမ်မြောက်တွင် အက္ခရာ ၃၆လုံး၊ ထီစာအုပ်၂၉၄၅၄၄၈အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၃၀၀)တစ်ဆု၊ ငွေကျပ်သိန်း(၅၀) ၂၉ဆု၊ ငွေကျပ်(၂၅)သိန်း ၁၂ဆု၊ ငွေကျပ်ခြောက်သိန်း ၆၆၅ဆု၊ ငွေကျပ်ငါးသိန်းနှစ်ဆု၊ ငွေကျပ်လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၅ဆု၊ ငွေကျပ်တစ်သိန်း ၁၇၁ဆု၊ ငွေကျပ်ရှစ်သောင်း ၂၄ဆု၊ ငွေကျပ်ငါးသောင်း ၁၇၁၀ဆု၊ ငွေကျပ်လေးသောင်း ၄၆ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၃ဆု၊ ငွေကျပ်တစ်သောင်း ၁၇၁၀၀ဆု စုစုပေါင်း ၂၀၁၁၂ဆုဖြစ်သည်။

ယခု(၁၇၅) ကြိမ်မြောက်ငွေကျပ်(၅၀)တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဩဂုတ် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့်အောက်ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။

(သတင်းစဉ်)

စီးပွားရေးအရ စည်းရုံးသွေးဆောင်မှု နိုင်ငံခြားကို အထင်ကြီးအောင် လှည့်ဖြားမှုပြုလုပ် တရားမဝင် လူမှောင်ခိုကုန်ကူးမှုများဖြင့် အမျိုးသမီးငယ်ရွယ်များအား ပြည်ပသို့ ပို့ဆောင်နေ

❍ ကျောဖုံးမှ

ပြည်နယ်၊ တိုင်း ဒေသအနှံ့အပြားသို့ ကွင်းဆင်းသွားရောက်ပြီး အမျိုးသမီးငယ်ရွယ်များနှင့် နီးနီးကပ်ကပ် ရင်းနှီးပွင့်လင်းစွာ လက်ရည်တစ်ပြင်တည်း၊ စားပွဲဝိုင်းဖွဲ့တွေ့ဆုံပြီး အမျိုးသမီးငယ်ရွယ်များ သိသင့်သိထိုက်သည်များ၊ ဗဟုသုတဖြစ်ဖွယ်များကို ပညာပေးစည်းရုံးမှုများကို ကျယ်ကျယ်ပြန့်ပြန့် အောင်အောင်မြင်မြင် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် ဗဟိုအဆင့်တွင်လည်း ရုပ်မြင်သံကြား ပညာပေးဇာတ်လမ်းများ၊ စာအုပ်စာတမ်းများ ပြုစုထုတ်ဝေပြီး အမျိုးသမီးငယ်ရွယ်များကို မှန်ကန်သော အသိအမြင်ရရှိရေးအတွက် ပညာပေးရေး အစီအမံများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိနေကြောင်း။

အောင်မြင်ထိရောက်

ဤသို့ ပညာပေးစည်းရုံးဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ အမျိုးသားရေးလမ်းကြောင်းမှန် အတိုင်း တိုးတက်ဖြစ်ထွန်းစေရေးအတွက် များစွာအထောက်အကူ ဖြစ်စေသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု

မြန်မာ အမျိုးသမီးငယ်များအား ဂျပန်နိုင်ငံသားများနှင့် လက်ထပ်ပေးပြီး ပြည်ပသို့ ခေါ်ထုတ်ပေးခဲ့သည့် တရားခံ နိုင်အောင် အား တွေ့ရစဉ်။
(သတင်းစဉ်)

တိုးတက်ဖြစ်ထွန်းရေးအတွက် များစွာ အထောက်အကူဖြစ်စေလျက်ရှိသည် ဖြစ်ရာ လွန်စွာ အောင်မြင်ထိရောက် အကျိုးရှိသည့် စွမ်းဆောင်ချက်များ ဖြစ်သည်ကို တွေ့နိုင်ကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ကွင်းဆင်းလေ့လာရေး အဖွဲ့များသည် ပထမပိုင်းတွင် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် များသို့ ကွင်းဆင်းသွားရောက်ပြီး အမျိုးသမီးငယ်ရွယ်များအား ပညာပေး စည်းရုံးမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

နားယောင်လိုက်ပါမသွားရေး

အထူးသဖြင့် နယ်စပ်ဒေသ အစွန်အဖျားနေ တိုင်းရင်းသူ အမျိုးသမီးငယ် များ တရားမဝင် လူမှောင်ခိုကုန်ကူးသူများ၏ ဖြားယောင်းသွေးဆောင်မှု နောက်သို့ နားယောင်လိုက်ပါမသွားစေရေးအတွက် အောင်မြင်စွာ ပညာပေး စည်းရုံးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

နောက်ပိုင်းတွင် မြေပြန့်ပိုင်းဒေသများသို့ သွားရောက်ပြီး ပညာပေး စည်းရုံးလှုပ်ရှား ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ချင်းပြည်နယ် ၁၀မြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ မန္တလေးတိုင်းရှိ ခရိုင်နှင့်မြို့နယ် အတော်များများသို့ ကွင်း ဆင်းသွားရောက်ပြီး အမျိုးသမီးငယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး ပညာပေးစည်းရုံးနိုင်ခဲ့ရာ အကျိုးရလဒ်ကောင်းများ များစွာရရှိ ဖြစ်ထွန်းလာ သည်ကို တွေ့ရကြောင်း။

ကွင်းဆင်းစည်းရုံး

သို့ရာတွင် ကွင်းဆင်းစည်းရုံးဆောင်ရွက်ရန် ဒေသများစွာ ကျန်ရှိနေသေး သည်ဖြစ်ရာ ဆက်လက်၍ အရှိန်အဟုန်မြှင့်တင်ပြီး ကွင်းဆင်းစည်းရုံး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အထူးသဖြင့် ယခင်ခေတ်ကာလက ပြည်နယ်ဒေသများတွင် လမ်းပန်း ဆက်သွယ်ရေးခက်ခဲသည့်အတွက် အကူးအသန်း အသွားအလာနည်းပါးခဲ့ရာ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး အနေစိမ်းနေခဲ့ရကြောင်း။

ယခုအချိန်အခါတွင် ပြည်နယ်ဒေသများပါမကျန် လမ်းပန်းဆက် သွယ်ရေး တိုးတက်ကောင်းမွန်လာသည့်အခြေအနေတွင် ယခုကဲ့သို့ ပြည်နယ် ဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး တိုင်းရင်းသူ အမျိုးသမီးငယ်ရွယ်များနှင့် ရင်းနှီးပွင့်လင်းစွာ စည်းရုံးဆွေးနွေးနိုင်သည့်အတွက် ဒေသခံ တိုင်းရင်းသား များ၏ လိုလားချက်များ၊ လိုအပ်ချက်များကို သိရှိဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်လာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုတိုးတက် ဖြစ်ထွန်း ခိုင်မာလာသည်ကို တွေ့ရကြောင်း။

မသိနားမလည်

ငယ်ရွယ်သူ အမျိုးသမီးများ၊ အထူးသဖြင့် ရိုးသားပြီး မသိနားမလည် သည့် နယ်စပ်ဒေသရှိ တိုင်းရင်းသူ အမျိုးသမီးငယ်ရွယ်များသည် ဦးစွာ ချဉ်းကပ်စည်းရုံးသူနောက်သို့ ပါသွားတတ်ကြောင်း။

မသမာသူများကလည်း အမျိုးသမီးငယ်ရွယ်သူများ၏ အခြေအနေကို လေ့လာပြီး နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော် လည်း ကောင်း၊ လူမှုရေးအရသော်လည်းကောင်း စည်းရုံး၍ရနိုင်မည့် နည်းလမ်းများ ဖြင့် သွေးဆောင်ဖြားယောင်းပြီး ကိုယ်ကျိုးရှာလျက်ရှိနေကြောင်း။

အထူးသဖြင့် စီးပွားရေးအရ စည်းရုံးသွေးဆောင်မှု၊ နိုင်ငံခြားကို အထင်ကြီးအားကိုးလာအောင် လှည့်ဖြားသွေးဆောင်မှုများ ပြုလုပ်ပြီး တရား မဝင် လူမှောင်ခိုကုန်ကူးမှုများဖြင့် အမျိုးသမီးငယ်ရွယ်များအား ပြည်ပသို့ ပို့ဆောင်ပေးမှုများ ရှိနေကြောင်း။

အခြေအနေတိုးပွားဖြစ်ပေါ်

ယခုအချိန်အခါတွင် နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအပေါ် လူ့အခွင့် အရေး၊ ဒီမိုကရေစီအရေးအကြောင်းပြပြီး စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ကာ နိုင်ငံတော်အတွင်း စီးပွားရေးကျဆင်းအောင်၊ ပြည်သူများ အလုပ်လက်မဲ့ဖြစ်ပြီး စီးပွားရေးကျပ်တည်းအောင် တမင်ဖန်တီး ဆောင်ရွက်နေသဖြင့် မသမာသူများ က အခွင့်ကောင်းယူပြီး အမျိုးသမီးငယ်များ လူမှုရေးပျက်ပြားအောင်၊ စာရိတ္တ ယိုယွင်းအောင် ဖြားယောင်းသွေးဆောင်နိုင်သည့် အခြေအနေများ ပိုမိုတိုးပွား ဖြစ်ပေါ်လျက်ရှိနေကြောင်း။

ဤကဲ့သို့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးအကြောင်းပြပြီး ပြည်သူများ ဆင်းရဲကျပ်တည်းအောင် တမင်ဖန်တီးနေခြင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှု ပင်ဖြစ်ကြောင်း။

လူ့အခွင့်အရေးချိုးဖောက်

နိုင်ငံတကာက အခြေအနေကိုကြည့်လျှင် "လူ့အခွင့်အရေးချိုးဖောက် သည်" "ဒီမိုကရေစီဆိတ်သုဉ်းနေသည်"ဟု အခြားနိုင်ငံများအား ပုတ်ခတ် စွပ်စွဲနေသည့် နိုင်ငံကြီးများသည် အခြားနိုင်ငံများ၏ လူ့အခွင့်အရေးကို လုံးဝလေးစားခြင်းမရှိဘဲ ဝင်ရောက်စွက်ဖက်၍ လူ့အခွင့်အရေး ချိုးဖောက် နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ဤနိုင်ငံကြီးများ၏ ပြည်တွင်း၌လည်း လူ့အခွင့်အရေး ချိုးဖောက်မှု များ အများအပြားဖြစ်ပေါ်နေသည်ကို တွေ့နိုင်ကြောင်း။

လူ့အခွင့်အရေးထွန်းကား

ဤသို့သော အခြေအနေတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ယဉ်ကျေးသိမ်မွေ့မှု၊ လူသားအချင်းချင်း ရိုင်းပင်းစာနာမှု၊ အကူအညီ

မြန်မာ အမျိုးသမီးငယ်များအား ဂျပန်နိုင်ငံသားများနှင့် လက်ထပ်ပေးပြီး ပြည်ပသို့ ခေါ်ထုတ်ပေးခဲ့ရာတွင် ပြည်တွင်း၌ ကူညီဆောင်ရွက်ပေးခဲ့သော နိုင်အောင်၏ အစ်မဖြစ်သူ ကြူကြူဝင်းအား တွေ့ရစဉ်။
(သတင်းစဉ်)

လိုအပ်သူများကို လူမျိုးမရွေး၊ ဘာသာမရွေး ကူညီဖေးမတတ်မှု စသည့် ဂုဏ်ရည်များ အစဉ်အလာအားဖြင့် ဖြစ်ထွန်းတည်ရှိနေသည်ဖြစ်ရာ လူ့အခွင့် အရေးများလည်း ထွန်းကားနေသည်ကို တွေ့နိုင်ကြောင်း။

သို့ဖြစ်၍ နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအတွင်း စီးပွားရေးကျဆင်းပြီး ပြည်သူများ အလုပ်လက်မဲ့ဖြစ်အောင်၊ စီးပွားရေးကျပ်တည်းအောင် တမင် ဖန်တီးမှုများက မြန်မာအမျိုးသမီးငယ်များအပေါ် မသမာသူများက မကောင်း သည့်အကြံအစည်ဖြင့် လှည့်ဖြားသိမ်းသွင်းဆောင်ရွက်နိုင်မည့် အခြေအနေ များ ဖြစ်ပေါ်လာအောင် တွန်းပို့နေသည့်အခြေအနေတွင် မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကလည်း မိမိတို့ထမ်းရွက်နေသည့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အမျိုးသမီးငယ်ရွယ်များအား မှန်ကန်သော အသိပညာပေး စည်းရုံးမှုလုပ်ငန်းများကို ပိုမိုအလေးထား တိုးမြှင့်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

အထိရောက်ဆုံးနည်းလမ်း

မြန်မာအမျိုးသမီးများသည် လိမ္မာယဉ်ကျေးသိမ်မွေ့မှု၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ မြတ်နိုးထိန်းသိမ်းမှု၊ စိတ်သဘောထား တည်ကြည်မြင့်မြတ်မှု စသည့် ဂုဏ်ရည်များဖြင့် ပြည့်စုံကြသည်ဖြစ်ရာ ရှိရင်းစွဲ မြန်မာအမျိုးသမီးစစ်စစ်များ၏ ဂုဏ်ရည်များ မပျက်စီး မယို ယွင်းရအောင် အမျိုးသမီးအချင်းချင်း ပညာပေးစည်းရုံးခြင်းသည် အထိ ရောက်ဆုံး နည်းလမ်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးပညာပေးမှုများ၊ ဗဟုသုတ ဖြန့်ဝေပေးမှု များသည် အမျိုးသမီးငယ်ရွယ်များအတွက် အလွန်အစွမ်းထက်မြက်သည့် အားဆေးတစ်ခွက်ဟု ပြောလိုကြောင်း၊ သို့ရာတွင် သဘာဝလောကကြီး အတွင်း၌ အဖြူနှင့်အမည်း၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက် ဆန့်ကျင် ဘက်သဘောများ ဒွန်တွဲတည်ရှိနေသည်ကိုမူ သတိပြုကြရမည်ဖြစ်ကြောင်း။

ဦးဆောင်ဆောင်ရွက်နေ

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကဲ့သို့သော ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်မှု အစီအမံများ စီမံဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ ကလည်း မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုမှအစ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ ထိန်းသိမ်းမြှင့်တင်ရေးအတွက် စည်းရုံးဦးဆောင် ဆောင်ရွက်လျက်ရှိနေကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံခြားကို အားကျအတုယူပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာဖြစ်သည့် အမြင်မတော်သော ဝတ်စားဆင်ယင်မှု များ၊ ပြုမူကျင့်ကြံမှုများ၊ အကျင့်စရိုက်များကို ကျင့်ကြံလုပ်ဆောင်နေကြသည့် အမျိုးသမီး ငယ်ရွယ်အစိတ်အပိုင်းအချို့ ရှိနေဆဲဖြစ်သည်ကို တွေ့ရကြောင်း။

လူမှောင်ခိုဂိုဏ်းဖော်ထုတ်

မသမာသူများကလည်း ဤကဲ့သို့ အချို့သော အမျိုးသမီးငယ်များ အစိတ်အပိုင်းအချို့၌ ယဉ်ကျေးမှုယိုယွင်းမှု၊ နိုင်ငံခြားအထင်ကြီးလေးစားမှု များ ဖြစ်ပေါ်နေမှုကို အခွင့်ကောင်းယူ ဆောင်ရွက်လာသည့်အတွက် မြန်မာ အမျိုးသမီးငယ်များအား နိုင်ငံခြားသားနှင့် လက်ထပ်စေပြီး ပြည်ပသို့ ခိုးထုတ်မှုများ လုပ်ဆောင်နေသည့် လူမှောင်ခိုကုန်ကူး ဂိုဏ်းအချို့ကို ဖော်ထုတ်ရရှိထားကြောင်း။

သို့ဖြစ်၍ ဤသို့သော အဖျက်သဘောလုပ်ဆောင်ချက်များ တားဆီး နှိမ်နင်းပြီး မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက် အောင်မြင်စွာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားနိုင်စေရန် ယခုအစည်း အဝေးတွင် ညှိနှိုင်းဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးမှ ဒုတိယဌာနကြီးမှူး ဗိုလ်မှူးကြီးတင်လှက လူကုန်ကူးမှုဖြစ်စဉ် ဖော်ထုတ်ရရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ရိုးသားသော မြန်မာအမျိုးသမီးငယ်များ၊ ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသော မြန်မာအမျိုးသမီးများအား နည်းမျိုးစုံအသုံးပြု၍ ဆွဲဆောင်စည်းရုံးပြီး ဂျပန် အမျိုးသားများနှင့် လက်ထပ်ပေးစားခြင်း၊ ဂျပန်အမျိုးသားနှင့် ဟန်ဆောင် လက်ထပ်ပေးပြီး ဂျပန်သို့သွားခွင့်ရအောင် ဆောင်ရွက်ပေးခြင်း၊ ဂျပန်သို့ သွားရောက်လိုသော မြန်မာအမျိုးသားများအား ဂျပန်အမျိုးသမီးများနှင့် ဟန်ဆောင်လက်ထပ်ပေးကာ ဂျပန်သို့သွားခွင့်ရအောင် ဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းများကို ငွေကြေးရယူ၍ ဆောင်ရွက်ခဲ့သော လူပွဲစား နိုင်အောင် နှင့် ခင်ဆုဝေဆိုသူတို့အား သက်ဆိုင်ရာက ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်းကို သတင်းရရှိပါကြောင်း။

နိုင်အောင်သည် အသက် ၃၉နှစ်ရှိပြီး တရုတ်/ဗမာ/ရခိုင်လူမျိုး ဗုဒ္ဓ ဘာသာဝင်တစ်ဦးဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ) တွင် ဒုတိယနှစ်အထိ ပညာသင်ကြားခဲ့ဖူးကြောင်း၊ ၎င်းသည် ၁၉၈၄ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် ဂျပန်နိုင်ငံသို့ ပထမအကြိမ် အလုပ်သွားရောက် လုပ်ကိုင်ခဲ့ပြီး ၁၉၈၇ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ ခေတ္တပြန်လည် ရောက်ရှိခဲ့ကြောင်း၊ ၁၉၈၈ခုနှစ် ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ ဒုတိယ အကြိမ် ထပ်မံသွားရောက်ခဲ့ပြီးနောက် ဂျပန်ရိုးရာ စားသောက်ဆိုင်ပိုင်ရှင် ဂျပန်နိုင်ငံသူ Ms. Tanaka Hiromic နှင့် အိမ်ထောင်ပြုခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်မှစတင်၍ ဇနီးဖြစ်သူ၏ အထွေထွေအကျိုးဆောင်လုပ်ငန်းဖြစ်သော အလုပ်အကိုင်ရှာဖွေပေးခြင်းလုပ်ငန်း၊ နေအိမ်ငှားရမ်းခြင်းလုပ်ငန်းများ လုပ်ကိုင်ပေးခဲ့သည်ကို သိရှိရကြောင်း။

အောင်သွယ်ကုမ္ပဏီ

အကျိုးဆောင်လုပ်ငန်းများ လုပ်ကိုင်နေချိန်တွင် အောင်သွယ်ကုမ္ပဏီ လုပ်ငန်းလုပ်ကိုင်သော ဂျပန်နိုင်ငံသား Mr. Ike Qumi နှင့် သိကျွမ်းခဲ့ ကြောင်း၊ ၎င်းကုမ္ပဏီသည် ဂျပန်လူမျိုး လူပျို၊ အပျိုများအား အခြားနိုင်ငံမှ လူပျို၊ အပျိုများနှင့် အောင်သွယ်ကာ လက်ထပ်ပေးသောလုပ်ငန်းဖြစ် ကြောင်း၊ နိုင်အောင်သည် အောင်သွယ်လုပ်ငန်းကုမ္ပဏီသုံးခုနှင့် အကျိုးတူ စာချုပ်ချုပ်ခဲ့ကြောင်း၊ ဂျပန်အမျိုးသားတစ်ဦးနှင့် မြန်မာမိန်းကလေးတစ်ဦး တို့အား အောင်သွယ်လုပ်ပေးပြီးပါက ရရှိသောအကျိုးဆောင်ခကို တစ်ဝက်စီ ခွဲဝေယူကြရန် ညှိနှိုင်းသဘောတူခဲ့ကြောင်း၊ ဂျပန်တစ်ဦးအား အောင်သွယ် လုပ်ပေးပါက ယန်း ၁၅သိန်း ရရှိမည်ဖြစ်ပြီး အထွေထွေအသုံးစရိတ် ယန်း ငါးသိန်း သတ်မှတ်ကာ ကျန်ယန်း ၁၀သိန်းကို နိုင်အောင်နှင့် ဂျပန် ကုမ္ပဏီတို့ ခွဲဝေယူကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက်

စီးပွားကူးသန်း ရှေ့သို့လှမ်း

ယခုအချိန်ထိ အမျိုးသမီးငယ် ၁၅ဦးအား ဂျပန်အမျိုးသားများနှင့် လက်ထပ်ပေးစားခဲ့ အမျိုးသမီးငယ်အချို့မှာ လူနေမှုစရိုက်၊ မျိုးရိုးဗီဇကွာခြားခြင်းကြောင့် ကွာရှင်းပြတ်စဲ

ဂျပန်အမျိုးသားများနှင့် လက်ထပ်လိုသော မြန်မာအမျိုးသမီးများ ရှာဖွေရန် ရန်ကုန်တွင်ရှိသော ၎င်းအစ်မဖြစ်သူ ကြူကြူဝင်းနှင့် ၎င်း၏သူငယ်ချင်းများဖြစ်သော ဟန်ထွဋ်နှင့် ဖုန်းမော်တို့အား စေခိုင်းခဲ့ကြောင်း၊ ၎င်းတို့သုံးဦးသည် ဂျပန်သို့သွားရောက်လိုသော မြန်မာမိန်းကလေးများအား နည်းမျိုးစုံသုံးပြီး ရှာဖွေစည်းရုံးကြကြောင်း၊ စည်းရုံးရရှိသူများထံမှ ဓာတ်ပုံသုံးပုံနှင့် ကိုယ်ရေးအချက်အလက်များ တောင်းယူဖြည့်စွက်ပြီး ဂျပန်နိုင်ငံရှိ နိုင်အောင်ထံသို့ ပို့ဆောင်ပေးခဲ့သည်ကို သိရှိရကြောင်း။

ဂျပန်စကားပြော သင်တန်း

တစ်ချိန်တည်းတွင် နိုင်အောင်သည် ၎င်း၏လုပ်ငန်းကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ Multi Service Japanese Language School အမည်ဖြင့် ဂျပန်စကားပြောသင်တန်းကို၂၀၀၁ခုနှစ် ဇွန်လအတွင်း တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် စိတ္တသုခလမ်း အမှတ်(၁)တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ၎င်းသင်တန်းကျောင်းတွင် ဟန်ထွဋ်အား မန်နေဂျင်းဒါရိုက်တာအဖြစ် ခန့်ထားခဲ့ပြီးနောက် ဂျပန်နိုင်ငံသားများနှင့် လက်ထပ်ပေးစားရန် အမျိုးသမီးငယ်များအား ဟန်ထွဋ်ဆိုသူက တာဝန်ယူရှာဖွေပေးခဲ့သည်ကို သိရှိရကြောင်း။

နိုင်အောင်နှင့်အဖွဲ့သည် ၁၉၉၇ ခုနှစ်မှစတင်ပြီး မြန်မာအမျိုးသမီးငယ်များအား ဂျပန်သို့ ပို့ဆောင်သည့်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ ယခုအချိန်ထိ အမျိုးသမီးငယ် ၁၅ဦးအား ဂျပန်အမျိုးသားများနှင့် လက်ထပ်ပေးစားခဲ့ရာ ၁၃ဦးသည် ဂျပန်သို့ရောက်ရှိသွားပြီး ကျန်နှစ်ဦးသည် ဂျပန်အမျိုးသားနှင့် လက်ထပ်ထားကာ လင်မယားအရာမြောက် နေထိုင်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ ထွက်ခွာနိုင်ခြင်းမရှိသေးကြောင်း၊ ဂျပန်များနှင့်ပေးစားခဲ့သော မြန်မာအမျိုးသမီးများသည် အများအားဖြင့် အသက် ၂၀ကျော်၊ ၂၅နှစ်အတွင်းရှိကြသော်လည်း ၎င်းတို့နှင့်လက်ထပ်ခဲ့သော ဂျပန်များသည် ၄၀ကျော်များဖြစ်ကြသည်ကို သိရှိရကြောင်း။

ကြော်ငြာစာရွက်လုပ်ထား

နိုင်အောင်သည် မြန်မာနိုင်ငံရှိ ၎င်း၏အဖွဲ့မှပေးပို့သော အမျိုးသမီးဓာတ်ပုံများနှင့် ကိုယ်ရေးအချက်အလက်များကို ဂျပန်ဘာသာဖြင့် ကြော်ငြာစာရွက်များပြုလုပ်ထားပြီး လုပ်ငန်းလာရောက်အပ်နှံသော ဂျပန်အမျိုးသားများအား ပြသရွေးချယ်စေကြောင်း၊ ဂျပန်တစ်ဦးသည် အမျိုးသမီးလေးငါးဦးအထိ ရွေးချယ်ကြည့်ရှုနိုင်ကြောင်း၊ ဂျပန်မှရွေးချယ်လိုက်သော အမျိုးသမီးများအမည်ကို နိုင်အောင်မှ ရန်ကုန်သို့ အကြောင်းကြား၍ ရက်သတ်မှတ်ကာ အသင့်စောင့်ဆိုင်းစေခဲ့ကြောင်း၊ ၎င်းနောက် နိုင်အောင်နှင့် ဂျပန်နိုင်ငံသားတို့သည် သတ်မှတ်ရက်မတိုင်မီ ရန်ကုန်သို့လာရောက်ကြကြောင်း၊ ရန်ကုန်တွင် ဂျပန်နိုင်ငံသားက ၎င်းရွေးချယ်ထားသော မြန်မာအမျိုးသမီး လေးငါးဦးထဲမှ စိတ်ကြိုက်တစ်ဦးကို ရွေးချယ်ရကြောင်း၊ ၎င်းနောက် ရွေးချယ်ခံရသော အမျိုးသမီးနှင့် ဂျပန်တို့ ညှိနှိုင်းပြီး နှစ်ဦးသဘောတူချက်ရရှိပါက နိုင်အောင်၏ အစီအစဉ်အတိုင်း တရားရုံးတွင် လက်ထပ်ခြင်း၊ မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ခြင်းတို့ကို တစ်ရက်နှစ်ရက်အတွင်း ဆောင်ရွက်ကြကြောင်း၊ ၎င်းနောက် ဂျပန်နိုင်ငံသားသည် ၎င်းလက်ထပ်ထားသော အမျိုးသမီးနှင့်အတူ ဟိုတယ်၌ တစ်ရက်နှစ်ရက်ခန့် နေထိုင်ပြီး နိုင်အောင်နှင့်အတူ ဂျပန်နိုင်ငံသို့ပြန်သွားကြောင်း၊ လက်ထပ်ထားခဲ့သော မြန်မာအမျိုးသမီးအား ဂျပန်သို့ခေါ်ထုတ်သွားနိုင်ရန် ကိစ္စများကို ဟန်ထွဋ်က လိုက်လံဆောင်ရွက်ပေးခဲ့သည်ကို သိရှိရကြောင်း။

တစ်ခါတစ်ရံတွင် အကြောင်းအမျိုးမျိုးကြောင့် ဗီဇာမရရှိခြင်း၊ နိုင်ငံကူးလက်မှတ်ထုတ်ယူ၍ မရရှိခြင်းတို့ကြောင့် ဂျပန်အမျိုးသားနှင့် လက်ထပ်ပြီးသော်လည်း ပြည်ပသို့ လိုက်ပါနိုင်ခြင်းမရှိကြကြောင်း၊ ပြည်ပသို့ရောက်ရှိသွားသော အမျိုးသမီးငယ်အချို့မှာလည်း လူနေမှုစရိုက်၊ မျိုးရိုးဗီဇ ကွာခြားခြင်းများကြောင့် ဂျပန်များနှင့်အတူ ရေရှည်မနေနိုင်ဘဲ ကွာရှင်းပြတ်စဲမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဂျပန်နှင့် ကွာရှင်းပြီးနောက် ဘဝရပ်တည်ရေးအတွက် ရုန်းကန်ရသောကြောင့် နောက်ဆုံးတွင် တိုင်းတစ်ပါး၌ ဘဝပျက်ရသော အခြေအနေသို့ ရောက်ရှိသည်ကို သိရှိရကြောင်း။

ဟန်ဆောင်လက်ထပ်

အချို့အမျိုးသမီးများသည် ဂျပန်ကိုသွားရောက်လိုသော်လည်း ဂျပန်အမျိုးသားနှင့် လက်မထပ်လိုသောကြောင့် ဟန်ဆောင်လက်ထပ်မှုများ ပြုလုပ်ကြကြောင်း၊ အချို့အမျိုးသမီးများသည် အိမ်ထောင်ရှိသော်လည်း ဂျပန်သို့သွားရောက်လိုသောကြောင့် ဂျပန်အမျိုးသားနှင့် ဟန်ဆောင်လက်ထပ်ကြကြောင်း၊ ၂၀၀၁ခုနှစ် ဖေဖော်ဝါရီလခန့်တွင် ဂျပန်သို့သွားရောက် အလုပ်လုပ်ကိုင်လိုသော အိမ်ထောင်သည် မြန်မာအမျိုးသမီးတစ်ဦးအား နိုင်အောင်၏ ဂျပန်မိတ်ဆွေတစ်ဦးဖြစ်သော Mr. Aluchi နှင့် ဟန်ဆောင်လက်ထပ်ပေးခဲ့ကြောင်း၊ ဤကဲ့သို့ ဟန်ဆောင်လက်ထပ်ပြီး ဂျပန်သို့ ပို့ဆောင်ပေးရန်အတွက် အကျိုးဆောင်ခ ယန်း ၁၅ သိန်းဖြင့် သဘောတူခဲ့ခြင်းဖြစ်ကြောင်း၊ ဟန်ဆောင်လက်ထပ်ပေးသော ဂျပန်နိုင်ငံသားကိုလည်း နိုင်အောင်က ယန်း ၈ သိန်းပေးရန် သဘောတူညီခဲ့ကြကြောင်း၊ သို့ရာတွင် ၎င်းအမျိုးသမီးအတွက် ဂျပန်ပြည်ဝင်ခွင့်ဗီဇာပယ်ချခံရသဖြင့် ယခုအချိန်ထိ မသွားရောက်နိုင်သေးကြောင်း၊ နိုင်အောင်အနေဖြင့် ၎င်းအမျိုးသမီးများထံမှ အကျိုးဆောင်ခအဖြစ် ယန်း ၆ သိန်းနှင့် ညီမျှသော မြန်မာငွေကို ရရှိထားသည်ကို သိရှိရကြောင်း။

နိုင်အောင်နှင့်အဖွဲ့က အကျိုးဆောင်ပေးခဲ့၍ ဂျပန်သို့ရောက်သွားခဲ့သော အမျိုးသမီးများအနက်မှ အချို့သည် ဂျပန်ယောကျ်ားများနှင့်ကွဲပြီးနောက် စားဝတ်နေရေးအခက်အခဲရှိလာသည့်အတွက် နိုင်အောင်ထံသို့ ရောက်ရှိလာကြောင်း၊ တချို့သည် နိုင်အောင်၏ Love Bank စားသောက်ဆိုင်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြကြောင်း၊ ၎င်းအမျိုးသမီးများထဲမှ အမျိုးသမီးတစ်ဦးအား နိုင်အောင်က တရားမဝင်ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း၊ နိုင်အောင်သည် အထက်ပါအတိုင်း ဂျပန်နိုင်ငံတွင် အမျိုးသမီးတစ်ဦးနှင့် တရားမဝင် ပေါင်းသင်းနေထိုင်သည့်အပြင် ရန်ကုန်သို့ ခေတ္တလာရောက်စဉ် ၎င်းဖွင့်လှစ်ထားသော ဂျပန်စကားပြောသင်တန်းတွင် တက်ရောက်နေသည့် အမျိုးသမီးတစ်ဦးအားလည်း ဂျပန်တွင် အလုပ်အကိုင်ရှာဖွေပေးမည်ဟု စည်းရုံးကာ လိမ်လည်ပေါင်းသင်းခဲ့သည်ကို သိရှိရပါကြောင်း။

လေဆိပ်၌ဖမ်းဆီး

၂၀၀၃ခုနှစ် မေလဆန်းတွင် ဂျပန်နိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်လိုသော မြန်မာတစ်ဦးအား ဂျပန်နိုင်ငံတွင် နိုင်အောင်နှင့် ဖက်စပ်ထူထောင်ထားသည့် World Marriage System (WMS) ကုမ္ပဏီမှ စာရေးမဖြစ်သူ Ms. Sakaki Yuki နှင့် ဟန်ဆောင်လက်ထပ်ခိုင်းပြီး ဂျပန်သို့ခေါ်ယူရန် စီစဉ်ထားသဖြင့် နိုင်အောင်နှင့်အတူ ၎င်းဂျပန်အမျိုးသမီးသည် ၂၀၀၃ခုနှစ် ဇူလိုင် ၁ ရက်တွင် ထိုင်းလေကြောင်း ခရီးစဉ်အမှတ်(TG-၃၀၅)ဖြင့် ရန်ကုန်သို့ လိုက်ပါလာစဉ် နိုင်အောင်အား ရန်ကုန်လေဆိပ်တွင် ဖမ်းဆီးခဲ့သည့်အတွက် ၎င်းဂျပန်အမျိုးသမီးသည် ရန်ကုန်တွင် နှစ်ရက်နေထိုင်ပြီး ဂျပန်သို့ ပြန်သွားခဲ့သည်ကို သိရှိရပါကြောင်း။

လူပွဲစား နိုင်အောင်ကဲ့သို့ပင် ခင်ဆုဝေဆိုသူသည် မြန်မာအမျိုးသမီးများအား ဂျပန်အမျိုးသားများနှင့် လက်ထပ်ပေးပြီး ဂျပန်သို့ပို့ဆောင်သည့် လူပွဲစားလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း၊ ခင်ဆုဝေသည် ၁၉၈၈ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာအဓိကဖြင့် မဟာဝိဇ္ဇာဘွဲ့နောက်ဆုံးနှစ် တက်ရောက်နေစဉ် ကျောင်းထွက်ခဲ့ပြီး ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ တိုကျိုမြို့ ဝါရှင်တန်ဟိုတယ်တွင် သန့်ရှင်းရေးလုပ်သားအဖြစ် တစ်နှစ်ခန့် လုပ်ကိုင်ခဲ့ကြောင်း၊ ၁၉၉၃ခုနှစ် အောက်တိုဘာလတွင် ဂျပန်နိုင်ငံသား Mr.Akabane Tsutomu နှင့် တရားဝင်လက်ထပ်ခဲ့ကြောင်း၊ ၎င်းနောက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံကူးသန်းသွားလာ၍ စီးပွားရှာခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် ခင်ပွန်းနှင့်အတူ မြန်မာနိုင်ငံသို့ပြန်လာခဲ့ပြီး ရန်ကုန်မြို့တွင် ခင်ပွန်းနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ ဂျပန်လူမျိုး ခင်ပွန်း၏အကျင့်စရိုက်များသည် မြန်မာ့ယဉ်ကျေးမှုနှင့်မကိုက်ညီခြင်း၊ အပျော်အပါးများခြင်းတို့ကြောင့် ၎င်း၏ခင်ပွန်း

မြန်မာ အမျိုးသမီးငယ်များအား ဂျပန်နိုင်ငံသားများနှင့်လက်ထပ်ပေးပြီး ပြည်ပသို့ ခေါ်ထုတ်ပေးနေသော တရားခံ ဒေါ်ခင်ဆုဝေအား တွေ့ရစဉ်။ (သတင်းစဉ်)

ဖြစ်သူအား မော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု တိုးလ်ဂိတ်အနီးရှိနေအိမ်တွင် သီးခြားနေထိုင်စေခဲ့ကြောင်း၊ ခင်ပွန်းအတွက် အသုံးစရိတ် ပံ့မှန်ထောက်ပံ့ပေးခဲ့ရသည်ကို သိရှိရပါကြောင်း။

အဆင်ပြေသလိုလက်ထပ်

ခင်ဆုဝေသည် မြန်မာအမျိုးသမီးများအား ဂျပန်နိုင်ငံသားများနှင့် လက်ထပ်ပေးပြီး ဂျပန်နိုင်ငံသို့ ပို့ဆောင်သည့်လုပ်ငန်းကို ၁၉၉၆ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းသည် ဂျပန်နိုင်ငံတွင် အောင်သွယ်တော်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများနှင့် ဆက်သွယ်ကာ လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသားတစ်ဦးအား မြန်မာအမျိုးသမီးတစ်ဦးနှင့် လက်ထပ်နိုင်ရေးအတွက် အောင်သွယ်ပေးပါက ယန်းတစ်သိန်းခန့်ရရှိတတ်ကြောင်း၊ မြန်မာအမျိုးသမီးများနှင့် ဂျပန်အမျိုးသားများအား အောင်သွယ်ပြုလုပ်ပေးရန် မြန်မာအမျိုးသမီး၏ဓာတ်ပုံနှင့် ဂျပန်အမျိုးသား၏ဓာတ်ပုံများကို အပြန်အလှန်ပေးပို့ရကြောင်း၊ အပြန်အလှန် ဓာတ်ပုံကြည့်ကြပြီး နှစ်သက်ပါက ဂျပန်အမျိုးသားအား မြန်မာနိုင်ငံသို့ လာရောက်စေပြီး တရားရုံးအချို့နှင့် အဆင်ပြေသလိုလက်ထပ်ပေးကြောင်း၊ မင်္ဂလာဧည့်ခံပွဲကို M3စားသောက်ဆိုင်၊ Top Star စားသောက်ဆိုင်နှင့် လှိုင်မြို့နယ်အတွင်းရှိ သီရိစားသောက်ဆိုင်တို့တွင်ပြုလုပ်ကြောင်း၊ အချို့ကို ဥပဒေအတိုင်း အမှန်တကယ်လက်ထပ်ပေးလေ့ရှိသော်လည်း တစ်ခါတစ်ရံတွင် တရားသူကြီး၏ လက်မှတ်အတုထိုးပြီး လက်ထပ်ပေးခဲ့ကြောင်း၊ လက်ထပ်စာချုပ်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒုတိယတရားသူကြီး ဒေါ်မြမြဟု တံဆိပ်တုံးအတုနှင့် လက်မှတ်အတုတို့ကို ပြုလုပ်ပြီးသုံးစွဲခဲ့ကြောင်း၊ ဒုတိယတရားသူကြီး ဒေါ်မြမြဆိုသူသည် ပြင်ပတွင် တကယ်မရှိကြောင်း၊ ခင်ဆုဝေသည် ၁၉၉၆ခုနှစ်မှ ယနေ့အထိ မြန်မာအမျိုးသမီးစုစုပေါင်း ၁၁ဦးတို့အား ဂျပန်အမျိုးသားများနှင့် အောင်သွယ်လက်ထပ်ပေးကာ ဂျပန်သို့ ပို့ဆောင်ပေးခဲ့သည်ကို သိရှိရပါကြောင်း။

ငွေကြေးရလိုမှု

ခင်ဆုဝေသည် ၎င်းကိုယ်တိုင် ဂျပန်အမျိုးသားနှင့်လက်ထပ်ပြီး လူနေမှုစရိုက်မတူညီမှုကြောင့် အိမ်ထောင်ရေးအဆင်မပြေမှုများကို သိရှိသော်လည်း ငွေကြေးရလိုမှုကိုသာ ကြည့်ပြီး မြန်မာအမျိုးသမီးများအား ဂျပန်အမျိုးသားများနှင့်လက်ထပ်ဖြစ်စေရန် အောင်သွယ်ပေးပြီး လူပွဲစားလုပ်ငန်းလုပ်ရန် ဂျပန်သို့ပို့ဆောင်နေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ အလားတူ ဂျပန်အမျိုးသားများနှင့် မြန်မာအမျိုးသမီးငယ်များအား လက်ထပ်ပေးစားကာ ဂျပန်သို့ပို့ဆောင်ခြင်း၊ ဂျပန်တွင် အလုပ်လုပ်ကိုင်လိုသော မြန်မာအမျိုးသားများအား ဂျပန်အမျိုးသမီးများနှင့် ဟန်ဆောင်လက်ထပ်ပေး၍ ဂျပန်သို့ ပို့ဆောင်ပေးခဲ့သော လူပွဲစားနိုင်အောင်နှင့် အဖွဲ့အား ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ကွင်းဆင်းလေ့လာ

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေက မိမိအနေဖြင့် ကွင်းဆင်းအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များသည် ပြည်နယ်တိုင်းများသို့ ၂၀၀၃ခုနှစ် မေလမှ ဇူလိုင်လကုန်အတွင်းကာလတွင် ကွင်းဆင်းလေ့လာခဲ့ကြောင်း၊ ၂၀၀၂ခုနှစ်အတွင်း ကွင်းဆင်းလေ့လာမှုများကို ယခင်အစည်းအဝေး၌ တင်ပြပြီးဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ် မေလတွင် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်သော တွန်းဇံ၊ ရိဒ်ကောဒါ၊ တီးတိန်၊ ဖလမ်း၊ ထန်တလန်၊ ဟားခါး၊ မတူပီ၊ ကန်ပက်လက်နှင့် မင်းတပ်မြို့များသို့ ရောက်ရှိခဲ့ကြကြောင်း၊ ထိုမှတစ်ဆင့် ပုဂံ၊ ညောင်ဦးမြို့နယ်မှ ဖွားစောစံပြကျေးရွာများသို့ ရောက်ရှိလေ့လာခဲ့ကြကြောင်း၊ ၂၀၀၃ခုနှစ်ဇွန်လတွင် ပဲခူးတိုင်း(အနောက်ပိုင်း)ရှိ မြို့နယ်များဖြစ်သော သာယာဝတီ၊ ပေါင်းတည်၊ ပြည်၊ ကြို့ပင်ကောက်မြို့များသို့ ကွင်းဆင်းခဲ့ကြကြောင်း၊ ၂၀၀၃ခုနှစ် ဇူလိုင်လတွင် မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များဖြစ်သော ကျောက်ဆည်၊ မိတ္ထီလာ၊ ပုသိမ်ကြီးမြို့များသို့ ကွင်းဆင်းခဲ့ကြကြောင်း။

ကွင်းဆင်းလေ့လာရေးအဖွဲ့၏ ရည်ရွယ်ချက်မှာ ပြည်နယ်နှင့်တိုင်းများသာမက မြို့နယ်ကျေးလက် တောရွာနေ ပြည်သူများနှင့် တွေ့ဆုံပြီး ရင်းနှီးခင်မင်မှုရစေရန် ရည်ရွယ်ကြောင်း၊ ထို့ပြင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လက်တွေ့သိရှိရန်နှင့် ၎င်းတို့တွေ့ကြုံနေရသည့် အခက်အခဲပြဿနာများကို သိရှိရန် အဖွဲ့ငယ်များခွဲ၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ရန်နှင့် အကြံပြုနိုင်ရန်တို့ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးငယ်များအား ဂျပန်နိုင်ငံသားများနှင့် လက်ထပ်ပေးပြီး ပြည်ပသို့ ခေါ်ထုတ်ပေးခဲ့ရာတွင် ပြည်တွင်း၌ ကူညီဆောင်ရွက်ပေးခဲ့သော နိုင်အောင်၏ သူငယ်ချင်းဖြစ်သူ ဟန်ထွဋ်အား တွေ့ရစဉ်။ (သတင်းစဉ်)

စားပွဲဝိုင်းဆွေးနွေး

မိမိတို့ကွင်းဆင်းအဖွဲ့ဝင်များသည် အဖွဲ့ခေါင်းဆောင်အနေဖြင့်လည်းကောင်း၊ အဖွဲ့ငယ်များ၊ စားပွဲဝိုင်းဆွေးနွေးမှု (Focus Group Discussion) များတွင် လည်းကောင်း၊ ပြည်သူလူထုမှ လူတန်းစားအမျိုးမျိုးနှင့် တွေ့ဆုံခွင့်ရခိုက်တွင် နိုင်ငံတော်က ဆောင်ရွက်ပေးနေသော ဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်းများအကြောင်းနှင့် ၎င်းအသီးအပွင့်များကို အသက်အရွယ်မရွေး ရရှိခံစားစံစားနေရပုံကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း၊ အထူးသဖြင့် မြို့နယ်တိုင်းတွင် တွေ့ဆုံခဲ့သော အမျိုးသမီးငယ်ရွယ်လေးများကို လမ်းမှားသို့ လိုက်ပါမသွားကြရန် လူကုန်ကူးမှုကိစ္စများနှင့် ဆိုးကျိုးများကို သာဓကများပြကာ ရှင်းလင်းပေးခဲ့ကြောင်း။

ထို့ပြင် ပြည်ပနိုင်ငံများနှင့် နိုင်ငံခြားသားများကို အထင်မကြီးရန်၊ အားမကိုးရန် နှင့် နိုင်ငံခြားတိုင်းတစ်ပါးကို အထင်ကြီးပြီး နိုင်ငံခြားသားများနှင့် လက်ထပ်မိခြင်းကြောင့် ပြည်တွင်းမှာသာမက ပြည်ပ၌လည်း အတိဒုက္ခ ရောက်နေသူများရှိကြောင်းကို မိမိတို့ လုပ်ငန်းကော်မတီကို ရောက်လာသော တိုင်စာများမှ သိရှိရသည့်အတွက် အမျိုးသမီးများအား အလေးထား၍ သတိပေးခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသမီးများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့ထုံးတမ်းများကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်လိုသော စိတ်ဓာတ်များ ရရှိအောင် မိဘ၊ ဆရာ၊ ဆရာမများနှင့်အတူ မိမိတို့ အမျိုးသမီးထုကပါ ပြုစုပျိုးထောင်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီက ရောက်ရှိသောမြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးသော မိသားစုများ အပိုဝင်ငွေရရှိရန် အသေးစားချေးငွေပေးနိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ ငွေထုတ်ပေးခဲ့ကြောင်း၊ ယခုအထိ ပံ့ပိုးခဲ့သော မြို့နယ်များမှာ စုစုပေါင်း ၁၇မြို့နယ်ရှိပြီဖြစ်ကြောင်း၊ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ကျန်ရှိနေသော မြို့နယ်များကိုလည်း ဆက်လက်ထုတ်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် အမှန်တကယ်လိုအပ်နေသော မြို့နယ်များအတွက် တင်ပြချက်များအရ စက်ဘီး၊ အပ်ချုပ်စက် စသည်များကိုပါ ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြပြီး ချင်းပြည်နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် မန္တလေးတိုင်းအတွင်း ကွင်းဆင်းဆောင်ရွက်ရာတွင် ဖြည့်ဆည်းပေးရန်လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အဆင့်ဆင့်ဖွဲ့စည်း

ဆက်လက်၍ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ နာယကက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အထူးအစည်းအဝေးတွင် လမ်းညွှန်ချက်အရ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သော စုစုပေါင်းအဖွဲ့ဝင် ၂၄ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးနောက် လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီအောက်တွင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ လူမှောင်ခိုကုန်ကူးမှုကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့များကို အဆင့်ဆင့် ထပ်မံဖွဲ့စည်းခဲ့ကြောင်း။

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ၂၀၀၂ခုနှစ် ဩဂုတ်လအတွင်း ကျိုင်းတုံမြို့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨**

မြောက်တိုင်းလည်း မမြောက်နဲ့

လယ်တီမူ ကိုးရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃၀

နိုင်ငံတော် သံဃာ့မဟာနာယက တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသ ဆရာတော်ကြီးကို အမှူးထား၍ လယ်တီမူ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဝိသုဒ္ဓ (ဓမ္မာစရိယ)(မင်္ဂလာရာမ ပရိယတ္တိစာသင်တိုက်)က ခန္ဓာကိုယ်တွေ့တရားတော်များကို အမှတ်(၃၅)စံပြရပ်ကွက်လုံးဆိုင်ရာ ညီမူရာဓမ္မာရုံကြီး၌ ဩဂုတ် ၄ရက် မှ ၁၂ရက်အထိ ဟောကြားပြသပေးမည်ဟု သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး၊ ပြည့်အကျိုး

မြန်မာအမျိုးသမီးများ ရိုးရာစဉ်လာနှင့်အညီ နေထိုင်ပြုမူရာ၌ ကမ္ဘာတွင် စံထားရမည့်အဆင့်ရှိ

အမျိုးသမီးရေးရာကဏ္ဍတွင် ရရှိထားသောအောင်မြင်မှုများကို အခြေခံ၍ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

➩ စာမျက်နှာ ၉ မှ

အခြေစိုက် ICRC ကိုယ်စားလှယ်အား ကျိုင်းတုံမြို့၌တွေ့ဆုံပြီး လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း၊ ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ဦးဆောင်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ဟဲဟိုးမြို့များသို့လည်းကောင်း၊ သံလွင်မြစ်(အရှေ့ဘက်ခြမ်း) ဟိုမိန်းဒေသနှင့် လင်းခေး၊ မိုးနဲ၊ နမ့်စန်၊ကွန်ဟိန်းမြို့နယ်များသို့လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာသို့လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ ကွင်းဆင်းကာ လူမှောင်ခို ကုန်ကူးမှုကြိုတင် တားဆီးကာကွယ်ရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၀၂ခုနှစ် အောက်တိုဘာလအတွင်း ICRC မြန်မာနိုင်ငံ၌ရှာနေကိုယ်စားလှယ်အဖွဲ့ လိုက်ပါလျက် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ယန်းလူးကျေးရွာနှင့် မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာအုပ်စု ပါတွန်ကျေးရွာများသို့ သွားရောက်ပြီး ဒေသခံတိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၀၃ခုနှစ် မတ်လတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့်အတူ တွေ့ဆုံပြီး လူမှောင်ခိုကုန်ကူးမှုကြိုတင် တားဆီးကာကွယ်ရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌအနေဖြင့် အထူးတာဝန်ဖြင့် ခရီးသွားလာရာ၌လည်း ရောက်ရှိသည့် ပြည်နယ်/တိုင်းများတွင် လူမှောင်ခိုတားဆီးကာကွယ်ရေး ကိစ္စရပ်များကို တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း။

အသိပညာပေးဆွေးနွေး

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးသော လုပ်ငန်းများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းများအတွင်း လှည့်လည်သွားလာပြီး အောက်ခြေရပ်ကွက်၊ ကျေးရွာများအထိကွင်းဆင်းကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် လူမှောင်ခိုမှုများကို တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးမှု ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အဓိကကျသည့် ပြည်နယ်/တိုင်းများတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ ပညာပေးထိရောက်မှု၊ မိတ်ဖက်အဖွဲ့အစည်းများ၏ စိတ်အားထက်သန်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်မှု၊ လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်၏ ဟန်ချက်ညီညီ အလေးထားဆောင်ရွက်မှုများကြောင့် မိမိတို့၏ လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၂ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၀၀၃ ခုနှစ် ဇူလိုင် ၁၆ ရက်အထိ တစ်နှစ်အတွင်းတွင် လူပွဲစား ၃၉၀ဦးတို့အား အမှုပေါင်း ၂၀၆မှုဖြင့် ဖော်ထုတ်အရေးယူနိုင်ခဲ့ကြောင်း၊ ထို့အပြင် လူပွဲစားများ၏ အန္တရာယ်က ၁၀၀၈ဦးတို့အား ကယ်တင်နိုင်ခဲ့ကြောင်း၊ လူပွဲစားများအပေါ်လည်း ထိရောက်ပြစ်ဒဏ်များ ချမှတ်ကြောင်းကို တွေ့ရှိရကြောင်း၊ ပြည်ပနိုင်ငံသို့ သွားရောက်မှုမရှိစေရေးအတွက် ပညာပေးသူပေါင်းမှာ ၇၇၄၂၁ဦးရှိပြီး တားဆီးပြန်လွှတ်သူမှာ ၁၁၁၁၃ ဦးဖြစ်ကြောင်း။

မြန်မာအမျိုးသမီးငယ်များ အိမ်နီးချင်းတစ်ဖက်နိုင်ငံများသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ပြီး ဒုက္ခရောက်ခြင်းမှ ကာကွယ်တားဆီးရေးအတွက် ပညာပေးရုပ်မြင်သံကြား ဇာတ်လမ်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နှင့် ကျိုင်းတုံမြို့နယ် ၁၆ နေရာ၌ ပြည်သူလူထု ၁၂၅၀၄ ဦးအား ၂၀၀၃ခုနှစ် ဧပြီ ၅ရက်မှ ၂၁ရက်အထိ သွားရောက်ပြသခဲ့သည်ကိုသိရှိရကြောင်း။

လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီနှင့် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှစ်ရပ်၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ် အခြေခံ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်ခွင့်ပြုချက်အရ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် အမျိုးသမီးများနှင့်ကလေးသူငယ်များအား မှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်ပြီး လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲကို ၂၀၀၃ခုနှစ် မေ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ရန်ကုန်မြို့ အင်းယားကန်ဟိုတယ်ခန်းမ၌ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှစ်ရပ်တို့ ပူးပေါင်းဆောင်ရွက်မှု UNICEF, UN-IAP,SC(UK) တို့၏ ပံ့ပိုးမှုဖြင့်ကျင်းပခဲ့ကြောင်း၊ အဆိုပါဆွေးနွေးပွဲသို့ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ ပြည်နယ်/တိုင်းများမှ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်ဆွေးနွေးခဲ့ကြပြီး ပြည်ပလူမှုရေးအဖွဲ့အစည်းများ အပါအဝင် စုစုပေါင်း ၁၅ဦး လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြကြောင်း။

ညှိနှိုင်းလျက်ရှိ

စာတမ်းရှင်များက ဖတ်ကြားဆွေးနွေးမှုများအပေါ် အခြေခံ၍ ပါဝင်ဆွေးနွေးသူများကလည်း ဝိုင်းဝန်းဆွေးနွေးကြပြီး အချက်(၁၁)ချက်ကို ထောက်ခံအကြံပြုခဲ့ကြကြောင်း၊ လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲမှ ထောက်ခံအကြံပြုခဲ့သော အချက်များနှင့်ပတ်သက်ပြီး အသုံးအနှုန်းများနှင့် စကားရပ်များသည် နိုင်ငံတော်၏မူဝါဒ၊ဥပဒေရေးရာများနှင့် လိုက်လျောညီထွေရှိ/မရှိ လိုအပ်သည့်စိစစ်မှုများ၊ သဘောထားမှတ်ချက်များ ပေးနိုင်ပါရန် ရှေ့နေချုပ်ရုံးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အာရှဒေသအတွင်း လူမှောင်ခိုကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့်ပတ်သက်၍ ဩစတြေးလျနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာဆက်စပ်ဌာနများ၏ အကြံဉာဏ်များရယူပြီး လိုအပ်ချက်များပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုလုပ်ကာ ဩစတြေးလျနိုင်ငံအစိုးရသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် နားလည်မှုစာချွန်လွှာ မူကြမ်းကို ပြန်လည်ပေးပို့ထားပြီးဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံအစိုးရအနေဖြင့် နားလည်မှုစာချွန်လွှာကို ၂၀၀၃ခုနှစ် ဩဂုတ်လအတွင်း အတည်ပြုပြန်လည်ပေးပို့မည်ဖြစ်သည်ကို သိရှိရကြောင်း၊ ယင်းနားလည်မှုစာချွန်လွှာပြန်လည်လက်ခံရရှိသည့်အခါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လူမှောင်ခိုကုန်ကူးမှုများ လျော့နည်းကျဆင်းရေးအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် အလေးထား ညွှန်ကြားကြပ်မတ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေးတင်ပြ

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်းတို့က လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မြန်မာအမျိုးသမီးရေးရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

တန်းတူရည်တူ

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကိုပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြညှိနှိုင်းချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လိုအပ်သကဲ့သို့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များသည် အမျိုးသားများနှင့် တန်းတူရည်တူပင်ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများအနေဖြင့် မြန်မာ့ရိုးရာထုံးတမ်းစဉ်လာများနှင့်အညီ စောင့်ထိန်းလုပ်ကိုင်နေထိုင်ပြုမူရာ၌ ကမ္ဘာတွင် စံထားရမည့်အဆင့်တွင်ရှိကြောင်း၊ ဤသို့ ကောင်းမြတ်သည့် ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း၊ ရုပ်ရှင်၊ ဗီဒီယို စသည့် အနုပညာလုပ်ငန်းများကလည်း ရိုးရာယဉ်ကျေးမှုကို ထိပါးမှုများမရှိအောင် တာဝန်ရှိသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများက ထိန်းကျောင်းပေးရန်လိုကြောင်း။

လမ်းညွှန်ထား

အမျိုးသမီးရေးရာကဏ္ဍ ဆောင်ရွက်ချက်များသည် အားရကျေနပ်ဖွယ်ဖြစ်ကြောင်း၊ ယခုရရှိထားသော အောင်မြင်မှုများကို အခြေခံ၍ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ထားကြောင်း။

သို့ဖြစ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များကို တက်ကြွစွာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာဌာနများကလည်း လိုအပ်သည်များကို ထိထိရောက်ရောက် ပံ့ပိုးဆောင်ရွက်ပေးကြရေး ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဇူလိုင် ၃၀ ရက်က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၃ခုနှစ် ရန်ကုန်တိုင်း ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် လှည့်လည်ကြည့်ရှုအားပေးစဉ်။ (ရန်ကုန်တိုင်း)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၀၅ ၆။ တေးဂီတအစီအစဉ်

၈:၂၀ ၇။ အကပဒေသာ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သင်္ချာ၊ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)

၅:၁၀ ၆။ **အမေ့အိမ်၊ အမေ့အရိပ် (ဇိုးကြ်၊ညီကျော်၊တင်တင်လှ၊ ခင်သန်းနွယ်) (ဒါရိုက်တာ-မောင်နှင်းမိုး) (မွန်ဘာသာစကားဖြင့်)**

၅:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၃၅ ၈။ အတီးပြိုင်ပွဲ

၅:၄၅ ၉။ မြန်မာစာ၊မြန်မာစကား

၆:၀၀ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်

၆:၂၀ ၁၁။ ယူးချောင်းတံတား

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ ဝါဆိုခြင်းပွဲတော်

၇:၂၅ ၁၅။ တေးဂီတအစီအစဉ်

၇:၄၀ ၁၆။ နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၂၁။ **မြန်မာရုပ်ရှင် တမ်းတတတ (အပိုင်း-၁) (ကျော်သူ၊ထက်ထက်မိုးဦး၊ ထွန်းထွန်းဝင်း) (ဒါရိုက်တာ-မျိုးဇော်အောင်)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ခြောက်တိုင်းလည်း မကြောက်နဲ့

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ

မြိုင်သာယာနှင့် ပါဒကြီးစံပြကျေးရွာရှိအိမ်ရှင်မများအား သီးပင်၊ စားပင်၊ ပျိုးပင်များပေးအပ်၊ ပျိုးပင်များစိုက်ပျိုးပေး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြိုင်သာယာစံပြကျေးရွာနှင့် ပါဒကြီးစံပြကျေးရွာတို့မှအိမ်ရှင်မများသို့ သီးပင်၊ စားပင်၊ ပျိုးပင်များ ပေးအပ်ပွဲနှင့် ပျိုးပင်များ စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မြိုင်သာယာစံပြကျေးရွာရှိ ကျေးရွာမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ မှူကြိုကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အိမ်ရှင်မများအား သီးပင်၊ စားပင်၊ ပျိုးပင်များကိုပေးအပ်ပြီး ပျိုးပင်များစိုက်ပျိုးပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် ကော်မတီဝင်များ၊ ရန်ကုန်တောင်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အိမ်ရှင်မများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူကြိုကျောင်းခန်းမ၌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အိမ်ရှင်မများအား မိမိတို့ အိမ်ခြံဝင်းများအတွင်း၌ စိုက်ပျိုးရန်အတွက် သီးပင်၊ စားပင်၊ ပျိုးပင်များ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ပေးအပ်

ထို့နောက်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင် ဝင်းရွှေက မြိုင်သာယာစံပြကျေးရွာမှ အိမ်ရှင်မများအား သီးပင်၊ စားပင်၊ ပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် သီးပင်၊ စားပင်၊ ပျိုးပင်များ စိုက်ပျိုးမည့်နေရာသို့ သွားရောက်ကြပြီး ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထိုမှတစ်ဆင့် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြိုင်သာယာ စံပြကျေးရွာရှိ အလင်းတန်းသုတရိပ်မြုံကျေးရွာ စာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက်ခန်းမ၌ တာဝန်ရှိသူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆယ်ကျော်သက်ရွယ် မျိုးဆက်ပွား ကျန်းမာရေးစီမံချက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေသော လုပ်ငန်းများနှင့် မြိုင်သာယာစံပြကျေးရွာ၌ ဆယ်ကျော်သက် လူငယ်လူရွယ်များအတွက် လူငယ်ရိပ်မြုံဖွင့်လှစ်ရေး ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

စိုက်ပျိုးပေး

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပါဒကြီးစံပြကျေးရွာရှိ အိမ်ရှင်မများသို့ သီးပင်၊စားပင်၊ပျိုးပင်များ ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲကျင်းပမည့် အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကြပြီး ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ကျောင်းဝင်းအတွင်း၌ ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် သီးပင်၊ စားပင်၊ ပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အိမ်ရှင်မများအား သီးပင်၊ စားပင်၊ ပျိုးပင်များ ပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ပါဒကြီးစံပြကျေးရွာမှ အိမ်ရှင်မများ အား မိမိတို့ အိမ်ခြံဝင်းများအတွင်း စိုက်ပျိုးရန်အတွက် ပျိုးပင်များကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပါဒကြီး မူကြိုကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း ပျိုးပင်များ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး ကျောက်တန်းမြို့နယ် မြိုင်သာယာစံပြကျေးရွာ ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲမူကြိုကျောင်းရှေ့တွင် ပျိုးပင် များစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မှာကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကျောက် တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ မူကြိုကျောင်းအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည် များ မှာကြားစဉ်။ (သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ယုဇနတာဝါအစည်းအဝေးခန်းမတွင် ဩဂုတ် ၇ ရက် ည၇နာရီ၌ သာသနာ့ဓဇသဒ္ဓမ္မဇောတိက ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မဒူတ အရှင်ဆေကိန္ဒက နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ (၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၃၀

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ(၂)၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ ရှေ့နေချုပ်ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာ ထွန်းရှင်၊ ဦးဟန်ရှိန်၊ ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် ရှေ့နေချုပ်ရုံးရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများက အစီရင်ခံစာများ ဆက်လက်တင်ပြကြသည်။ ထို့နောက် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိ များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက မိမိတို့ကဏ္ဍအလိုက် ပြန်လည်ဖြေကြား ရှင်းလင်းကြသည်။

တိတိကျကျလိုက်နာ

ထို့နောက် ဒုတိယရှေ့နေချုပ်များ ဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်၊ဦးမြင့်နိုင်နှင့် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းတို့က အမှာစကားပြောကြားကြပြီး ရှေ့နေချုပ် ဦးအေးမောင်က ဥပဒေရုံး အဆင့်ဆင့်၏ စီမံရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ချက်များ ရှိပြီးဖြစ်၍ ယင်းစည်းကမ်းချက်များအတိုင်း တိတိကျကျ လိုက်နာ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ရှေ့နေချုပ်ရုံး၏ ဆောင်ပုဒ်ဖြစ်သည့် "ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဥပဒေပညာတတ်ကျွမ်းနှံ့စပ်သည့် ဥပဒေအရာရှိများနှင့် ကိုယ်ကျင့်သိက္ခာပြည့်စုံသည့် ဥပဒေအရာရှိများဖြစ်အောင် ကျင့်ကြံနေထိုင်ကြစေလိုကြောင်းနှင့် နိုင်ငံတော်၏ တာဝန်ကို ယခုထက် ပိုမိုကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဥပဒေအရာရှိကောင်းများ ဖြစ်ကြစေလိုကြောင်း စသည်ဖြင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဆွေးနွေးမည်

ရန်ကုန် ဇူလိုင် ၃၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)မှ ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အဖြစ် Common Problems in Breastfeeding ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဩဂုတ်၃ရက် နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၂၄၉)သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

MBA နှင့် MPA

မဟာဘွဲ့ သင်တန်းဝင်ခွင့် ဩဂုတ်၉ရက်နောက်ဆုံးတင်သွင်း

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန် စီးပွားရေးတက္ကသိုလ် MBA နှင့် MPAမဟာဘွဲ့ (၂၀၀၃-၂၀၀၄)ခုနှစ် ညနေပိုင်းသင်တန်းများ အတွက် ဝင်ခွင့်လျှောက်လွှာများကို ဆက်လက်ရောင်းချ ပေးသွားမည် ဖြစ်ပြီး လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်မှာ ဩဂုတ် ၉ရက်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(၁-၈-၂၀၀၃ မှ ၇-၈-၂၀၀၃ထိ)

World Breastfeeding Week

(1-8-2003 to 7-8-2003)

Breastfeeding in a Globalised World-for peace and justice

နို့ချိုတိုက်ကျွေး၊ ကမ္ဘာ့ရင်သွေး၊ ငြိမ်းအေးမျှတ၊ ကလေးသူငယ်ဘဝ

ကျန်းမာရေးဝန်ကြီးဌာန

တည်ငြိမ်
အေးချမ်းခြင်းမှသည်
ဖွံ့ဖြိုးတိုးတက်ရေး
ဦးတည်

နယ်စပ်ဒေသ ပင်လုံ တိုက်နယ်ဆေးရုံ

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်ရှိ ပင်လုံဒေသကို နိုင်ငံတော်က ဂုဏ်ပြုသည့်အနေဖြင့် လွိုင်လင်တွင် ခုတင် ၂၀၀ ဆံ့ အထူးကုဆေးရုံကြီးတစ်ခု တည်ဆောက်ဖွင့်လှစ်ပေးသကဲ့သို့ ပင်လုံတွင် ကျေးလက် ဆေးပေးခန်းများအား အဆင့်မြှင့်တင်ပေးလျက်ရှိသည်။ (အပေါ်ပုံတွင် ခုတင် ၂၅ လုံးဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးလိုက်သည့် ပင်လုံတိုက်နယ်ဆေးရုံကို တွေ့ရစဉ်။) *(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)*

ငွေဆောင်ကမ်းခြေမှ ဟိုတယ်များ

မြန်မာနိုင်ငံသည် သဘာဝအလှတရားများဖြင့် ပြည့်စုံသော ပင်လယ်ကမ်းခြေများကို အများအပြားပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယင်းပင်လယ်ကမ်းခြေများသည် ညစ်ညမ်းမှုကင်းစင်ခြင်း၊ ငြိမ်းချမ်းသာယာမှု ပြည့်စုံခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်ကို ဆွဲဆောင်လျက်ရှိသည်။ ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများလည်း တစ်စထက်တစ်စ တိုးတက်ဖြစ်ထွန်းလျက်ရှိနေသည်။ မြန်မာနိုင်ငံ၏ ထင်ရှားသောပင်လယ်ကမ်းခြေများအနက် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းကို အဆင့်မြင့်ဟိုတယ်များနှင့် ပေါင်းစပ်၍ လှပစွာ ဤသို့တွေ့ရသည်။ *(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)*



ဒေသအကျိုးပြု မင်းလှရေလှောင်တမံ

ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ဆယ်ရွာကျေးရွာအနီးတွင် တည်ဆောက်ထားသည့် ၁၄၆ ခုမြောက် မင်းလှရေလှောင်တမံကို တွေ့ရစဉ်။ (မင်းလှရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၃၂ ပေ၊ အလျား ၃၀၄၄ ပေရှိသည်။ မင်းလှ ရေလှောင်တမံမှ စိုက်ပျိုးမြေဧရိယာ ၁၅၀၀၀ ကို ရေပေးဝေလျက်ရှိသည်။)

[ဓာတ်ပုံမှတ်တမ်း–အောင်မိုး (ကြေးမုံ)]

ဥမင်ရေရှည်တည်တံ့ရေးဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပုညာတောင်ကြီးတွင် ရထားလမ်း ဥမင်အဖြစ် အလျားပေ ၅၆၁၀ ကို အောင်မြင်စွာ ဖောက်လုပ်ခဲ့ပြီးနောက် ရထားလမ်းဥမင်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဥမင်နံရံများကို သံကူကွန်ကရစ်များဖြင့် တည်ဆောက်ရန် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက ကြီးကြပ်၍ မြန်မာ့မီးရထားဝန်ထမ်းများက သံချည်သံကွေးများ ဤသို့ တပ်ဆင်ခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

ကန်တော့ပလ္လင်ဘုရား

ပုဂံခေတ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်း သုတေသနပြတိုက် အဆောက်အအုံရှေ့တွင် ပျူစောထီးမင်းက ရှူးပျံကြီး၊ ဝက်ကြီး၊ ငှက်ကြီးနှင့် ဘူးပင်ကြီးတို့ကို နှိမ်နင်းအောင်မြင်သည့် အထိမ်းအမှတ်ရုပ်တုနှင့် အခြေခံပုံစံအားဖြင့် သဗ္ဗညုဘုရားနှင့် ဆင်တူ ကာခရစ်နှစ် ၁၁၇၄–၁၂၁၁ ခုနှစ်တွင် နရပတိစည်သူမင်းကြီးသည် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့အား စိတ်ဖြင့် ပြစ်မှားခဲ့သည်ကို နောင်တရ၍ ဗုဒ္ဓဆင်းတုတော်များထုလုပ်ကန်တော့သည့် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ခဲ့သည့် ကန်တော့ပလ္လင်ဘုရားကို ဤသို့ ဖူးတွေ့ရသည်။ (ဝဲပုံ)

ဓာတ်ပုံ–သွင်အေး(ကြေးမုံ)

မြန်မာတို့၏ တံခွန်၊ အောင်လံ မဟာပုဂံ

သတင်းဆောင်းပါး–သိန်းဝင်းလတ်
ဓာတ်ပုံ–သွင်အေး(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၃၀

ပုဂံမြို့သည် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံမှ အကြေအရပ် မိုင် ၂၀ ခန့်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ရှေးစကားစဉ်အရ ခရစ်နှစ် ၁၀၈ ခုနှစ်တွင် ရွာပေါင်း ၁၉ ရွာကို စုစည်းပြီး ယုန်လွတ်ကျွန်းအရပ်၌ သမုဒ္ဒရာဇ်မင်းကြီးသည် အရိမဒ္ဒနပူရကို စတင်တည်ထောင်ခဲ့ကြောင်း မှတ်တမ်းများ၌ ဖော်ပြထားသည်။

ကမ္ဗည်းကျောက်စာ သက်သေအထောက်အထားနှင့်တကွ ခိုင်လုံစွာသိရှိရသော သမိုင်းဝင်မင်းများမှာ ပုပ္ပားစောရဟန်းမင်းနှင့် ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် နန်းတက်သော အနုရုဒ္ဓါဒေဝခေါ် အနော်ရထာမင်းကြီး လက်ထက်မှသည် နောက်ဆုံး ပုဂံပျက်သုဉ်းခဲ့ရသည့် စောမွန်နစ်မင်းလက်ထက် ခရစ်နှစ် ၁၃၂၅–၆၅ ခုနှစ်ထိ ဖြစ်သည်။

အနော်ရထာမင်းကြီးသည် တုရင်တောင်ထိပ်ဘုရား၊ ရွှေစည်းခုံဘုရား၊ လောကနန္ဒာစေတီ၊ တန့်ကြည့်တောင်ဘုရားစသည့် စေတီမြတ်လေးဆူကို ပုဂံပြည်၏ နယ်လေးရပ်အဖြစ် သတ်မှတ်တည်ထားကိုးကွယ်ခဲ့သည်။

ပုဂံမြို့ဒေသတစ်ဝိုက်သည် ၁၆ စတုရန်းမိုင်ခန့်မျှ ကျယ်ဝန်းပြီး ယင်းဒေသတစ်ဝိုက်၌ လက်ညှိုးထိုးမလွဲအောင်ဘုရား၊ တန်ဆောင်း၊ စေတီပုထိုး၊ ဂူကျောင်း၊ ပြာသာဒ်တို့ တည်ရှိသည်ကို တွေ့နိုင်သည်။

ကျောင်းကြီးအုတ်နီ

ရှေးဟောင်းသုတေသနဦးစီးဌာနမှ ၁၉၇၃ ခုနှစ်ထိ မှတ်ပုံတင်ရေတွက်ထားရှိသော ရှေးဟောင်း အဆောက်အအုံပေါင်းကို သင်္ကေတအားဖြင့် **ကျောင်းကြီးအုတ်နီ** ဖြစ်ပြီး ကိန်းဂဏန်းအားဖြင့် ၂၂၁၇ ခုဖြစ်သည်။

နှစ်ပရိစ္ဆေဒ၊ ရာသီဥတု၊ ပြည်တွင်းစစ်နှင့် မသမာသူသိုက်သမားတို့၏ ဖျက်ဆီးမှုဒဏ်အမျိုးမျိုးကြောင့် ခေတ်အဆက်ဆက်တွင် ရှေးဟောင်းအဆောက်အအုံများ မရေမတွက်နိုင်အောင် ပျက်စီးခဲ့ရသည်။

ပျူစစ်လျှင် မြန်မာဟူသော ဆိုရိုးစကားတစ်ခုရှိပြီး ပုဂံဟူသော ဝေါဟာရသည် **ပျူဂါမ** မှသည် **ပျူဂါ၊** ယင်းမှ **ပူဂန်၊ ပုဂံ**ဟူ၍ အဆင့်ဆင့် ပြောင်းလဲခေါ်ဝေါ်လာကြောင်း ပညာရှင်တို့ အမျိုးမျိုးကြံဆကြလေသည်။

ပုဂံခေတ်ရေးထိုးထားသော ကျောက်စာများတွင် **ပုဂံ** ဟူသော အရေးအသားကိုလည်း တွေ့ရသည်။

ပုဂံပြည်ကို ခရစ်နှစ် ၁၀၇ ခုနှစ်မှ ၁၃၆၉ ခုနှစ်တိုင် နှစ်ပေါင်း ၁၂၆၀ ကျော် မင်းပေါင်း ၅၅ ပါး အစဉ်အဆက် အုပ်ချုပ်မင်းလုပ်ခဲ့ကြသည်။

လှည်းဝင်ရိုးသံ တည်ညံ့

ယင်းမင်းများသည် ပုဂံမြို့ဝန်းကျင်တစ်ဝိုက် သာသနိကအဆောက်အအုံပေါင်း မြောက်မြားစွာတည်ထားလှူဒါန်းခဲ့ကြရာ **လှည်းဝင်ရိုးသံ တည်ညံ့ ပုဂံဘုရားပေါင်း** ဟုပင် ဆိုရိုးစကားရှိခဲ့လေသည်။ ကိန်းဂဏန်းအားဖြင့်ဆိုသော် ၄၄၄၆ ဆူဖြစ်သည်။

ယင်းသို့ နှစ်ပေါင်း ၁၂၆၀ ကျော်အတွင်း ဘုရားပေါင်း လေးထောင်ကျော် တည်ဆောက်လှူဒါန်းခဲ့သော မင်းအဆက်ဆက်နန်းစဉ်အကြောင်းအရာများကို မြန်မာမှန်လျှင် သိထားသင့်ထိုက်ပေသည်။

“ဝပြောတဲ့ သာသနာ
ခေါင်းလောင်းသံ ညံမစဲရယ်နဲ့
ပုဂံပွဲ သာလွန်းလို့
လာသူလာ သွားသူသွား”

တစ်ချိန်က ပုဂံကို ပြန်လည်အောက်မေ့မိသည်။ ပုဂံသည် မြန်မာတို့၏တံခွန်၊ မြန်မာတို့၏ အောင်လံ၊ မြန်မာတို့၏ လမ်းပြကြယ်ဟုဆိုလျှင် မှားအံ့မထင်။

ပုဂံကဲ့သို့ အမျိုးဘာသာသာသနာကို ပျိုးထောင်သော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ထောင်သောင်းများစွာ အာရှတွင်မရှိ၊ ကမ္ဘာတွင် မရှိ။

ထို့ကြောင့် ကမ္ဘာအနှံ့မှ ခရီးသွားဧည့်သည်တို့သည် ပုဂံဒေသသို့ နည်းမျိုးစုံနှင့် ခရီးနှင်ကာ မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာအလှအပများကို လေ့လာကြ၊ မှတ်သားကြ၊ နည်းယူကြ၊ စံပြုကြ၊ ခံစားကြမြဲ ဖြစ်သည်။

မြန်မာတို့သည် တစ်ခေတ်တစ်ချိန်တစ်ခါက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားထည်ဝါစွာ မဟာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ကြကြောင်းကို ပုဂံမြေက ဟစ်ကြွေးသက်သေပြလျက်ရှိပေသည်။ ။ **(ကြေးမုံ)**

ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးတွင် မြန်မာမှုလက်ရာ အင်္ဂတေပန်းများဖြင့် မွမ်းမံခြယ်သထားသော ပြတိုက်နံဘေး အင်္ဂတေပန်းတိုင်လုံးများနှင့် ပုဂံခေတ်လက်ရာ အင်္ဂတေပန်းကြွများကို ဤသို့တင့်တယ်လှပစွာတွေ့ရသည်။ (ဓာတ်ပုံ–သွင်အေး–ကြေးမုံ)

ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) ဒသမအကြိမ်မြောက်အာစရိယပူဇော်

ရန်ကုန် ဇူလိုင် ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ကျောင်းသူများ၏ ဒသမကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ပါမောက္ခချုပ်နှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ တေးထပ်ဖြင့်ပူဇော်ကန်တော့ပြီး ကျောင်းသား၊ကျောင်းသူများက ကန်တော့ကြိုးဖြင့် ညီညာဖြိုကန်တော့ကြသည်။ ဆက်လက်၍ ပါမောက္ခချုပ် ဦးတင်စိုးက ဆုံးမသြဝါဒစကားပြောကြားပြီး ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ တေးဂီတဖျော်ဖြေရေး အစီအစဉ်ကိုပြုလုပ်ရာ ဌာနအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်း၊ အပျိုတော်ယိမ်း၊ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက် ပြီး စတုတ္ထနှစ်(ဂီတပညာ)ဌာနမှ ကျောင်းသား၊ကျောင်းသူများက တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(အောက်ပုံ)**

(ကြေးမုံ)

စာရင်းစစ်ချုပ်အား ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၃၀

စာရင်းစစ်ချုပ် ဗိုလ်မှူးချုပ်တင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသံအမတ်ကြီး H.E. Mr. A.B.Majoor Rahim အား ယနေ့မွန်းလွဲ ၁နာရီတွင် စာရင်း စစ်ချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် စာရင်းစစ်ချုပ်ဗိုလ်မှူးချုပ်တင်အေးနှင့် အတူ ဒုတိယစာရင်းစစ်ချုပ် ဦးခင်ဝင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဒေါ်သင်းသင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်တင်ကြည်ဦးတို့တက်ရောက်ကြသည်။

(က-ပ)

- ကမ္ဘာ့နိုင်ငံကြီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ စစ်မျက်နှာအားလုံးတွင် ရှေ့ဆုံးမှ မီဒီယာစစ်မျက်နှာကို မည်သို့ ခင်းကျင်းထားသနည်း။
- နိုင်ငံငယ်များအား စစ်ရေးကိုလိုနီ နယ်ပယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုလိုနီ နယ်ပယ်များအဖြစ် သွတ်သွင်းရန် ကြိုးပမ်းမှုတွင်မီဒီယာကို မည်သို့ အသုံးချနေကြသနည်း။
- ကမ္ဘာ့သတင်းများနှင့် မကင်းနိုင်သူတိုင်း၊ နိုင်ငံရေး တွေးဆနေသူတိုင်းအတွက် ပညာလက်ဆောင် ပါးလိုက်ပါသည်။

မကြာမီ ထွက်တော့မည်



သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဝန်ကြီးများရုံးရှေ့၊ ဖုန်း-၂၉၄၃၀၆
သတင်းစာကိုယ်စားလှယ်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ရွှေပုပ္ပား အဆင့်မြင့်ခရီးသွားလုပ်ငန်း

ပုပ္ပားတောင်ကလပ် အဘအောင်မင်းခေါင်၏ (၅၁)နှစ်မြောက်ထွက်ပွဲ ကြိုတင်စာရင်းပေးနိုင်ပါပြီ။
ရွှေပြန်းမင်းနှစ်ပါးရဲ့ ချိုးတော်ရေသုံးအထူးခရီးစဉ်
ပုပ္ပား-တောင်ပြုန်း-မန္တလေး-စစ်ကိုင်း-မုံရွာ-ပြင်ဦးလွင် (August 5,2003)
ဖုန်း-၇၁၀၀၅၁။

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၀

သက်တမ်း၂၀ကျော် စီးတီးတက္ကစီများမြို့ပြင်ထွက်စရာမလို၊ စစ်တွေမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံစစ်တကောင်းမြို့ကြား ကုန်တင်လေယာဉ်များ ပြေးဆွဲမည်၊ မြန်မာကို ကြားခံထားကာ အိန္ဒိယက တရုတ်နှင့် ကုန်းကြောင်း စီးပွားရေးလုပ်လို၊ အိန္ဒိယကုန်သည်ကြီးများ အသင်းက ကုန်လမ်းကြောင်းများဖွင့်ရန် အစိုးရကိုတိုက်တွန်း၊ ကျောက်တူးဖော်ရေးလုပ်ငန်းများမှ တွင်းသား တွင်းကြပ်များ တစ်ယူနစ်လျှင် ကျပ် ၃၅၀၀နှုန်းဖြင့် အာမခံထားနိုင်တော့မည်အစရှိသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့်ထွက်ရှိနေသည်။ **(အပေါ်ပုံ)**

သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ကြောင်း သိရသည်။ (က-ပ)

EY 20 နှင့် EX 17 Robin အင်ဂျင်များ အထူး အရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ဂျပန်နိုင်ငံ Fuji Heavy Industries ၊စင်ကာပူနိုင်ငံ Fuji Heavy Industries (Singapore)နှင့် မြန်မာတစ်ဦးတည်းကိုယ်စားလှယ် Twin Star Co., Ltd.တို့ ပူးပေါင်း၍ Robin အင်ဂျင်အရောင်းကိုယ်စားလှယ်များ၏ ဂျပန်နိုင်ငံလေ့လာရေးခရီး လိုက်ပါခွင့်ရရှိသူများ အမည်စာရင်းကြေညာခြင်းနှင့် EY 20 နှင့် EX 17 Robin အင်ဂျင်များ အထူးအရောင်းပွဲတော်ကိုယမန်နေ့ နံနက်၁၀ နာရီက ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ကျင်းပရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Twin Star Co., Ltd.မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလင်းကြည်နှင့် FHI (Singapore) မှ အုပ်ချုပ်မှု ဒါရိုက်တာ Mr.Iwasa Hiroshiတို့က မိတ်ဆက်စကားပြောကြားကြပြီး FHI (Singapore)မှ Senior Sales Executive, Mr. Eddy Yap က EX Series Robin အင်ဂျင်များ၏ တိုးတက် ပြုပြင်ပြောင်းလဲမှုများကို ဗီဒီယိုဆလိုက်ဖြင့် မိတ်ဆက်ရှင်းလင်းပြသသည်။

ထို့နောက် ဂျပန်နိုင်ငံ FHI Service Department မှ Assistant Manager Mr. Ei Ji Ryufuku က EX Series Robin အင်ဂျင်များ၏ တိုးတက် ပြုပြင်ပြောင်းလဲမှုများကို လက်တွေ့ ရှင်းလင်းပြသပြီး Twin Star Co., Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးလင်းကြည်က အရောင်းကိုယ်စားလှယ်များအနက် ဂျပန်နိုင်ငံ လေ့လာရေးခရီး လိုက်ပါခွင့်ရရှိသူ အမည်စာရင်းကို ကြေညာသည်။

ဆက်လက်၍ EY 20နှင့် EX 17 Robin အင်ဂျင်များ အထူး အရောင်းပွဲတော် ကျင်းပပြီး အရောင်းကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။အဆိုပါ EXနှင့် EY Robin အင်ဂျင်အမျိုးအစားများသည် အသေးစား စက်မှုလုပ်ငန်းသုံး အင်ဂျင်အမျိုးအစားများအနက် နောက်ဆုံးပေါ်နည်းပညာ OHC ဒီဇိုင်းသုံး၍ ထုတ်လုပ်ထားသည့် အင်ဂျင်အမျိုးအစားဖြစ်သည်။ Twin Star Co., Ltd အနေဖြင့် EY၊EX နှင့် EH Series Robin အင်ဂျင်များ၊ အိမ်သုံးမီးစက်အမျိုးမျိုး၊ လယ်ယာလုပ်ငန်းသုံး ရေပန့်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး အသေးစားစက်ကိရိယာများကို ဖြန့်ဖြူးပေးလျက်ရှိပြီး အင်ဂျင်အပို ပစ္စည်းများနှင့် Service ဌာနကို လည်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(သတင်းစဉ်)

Robin **အင်ဂျင် ရောင်းအား အကောင်းဆုံး အရောင်းကိုယ်စားလှယ်များ၏ ဂျပန်နိုင်ငံလေ့လာရေးခရီးအတွက် ရွေးချယ်ခံရသော** KBK **စက်နှင့် စက်ပစ္စည်းရောင်းဝယ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးသင်းအား စင်ကာပူနိုင်ငံ** Fuji Heavy Industries(Singapore) **မှ မန်နေဂျင်းဒါရိုက်တာ** Mr. Iwasa Hiroshi **က ဂုဏ်ပြုဆုပေးအပ်စဉ်။** (က-ပ)

စုံထောက်ကြီးဦးစံထား စာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၃၀

စာရေးဆရာတိုးထက်၏ စုံထောက်ကြီး ဦးစံထားနှင့် သည်းထိတ်ရင်ဖိုမှုခင်းများစာအုပ်ကို ရန်အောင်စာပေ ၃၄၃/၁၈ အနောက်ရန်ကင်း၊ ဖုန်း-၇၂၂၅၇၂က တန်ဖိုးကျပ် ၄၀၀ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

(အောက်ပုံ)(က-ပ)



မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ် (၉၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၀

မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ် (၉၆)တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၏ သီကုံးပန်းသွင်နေ့တိုင်းဆင်လော့ ဆောင်းပါးတို့နှင့် အတူသုမောင်၊မောင်ညိုပြာ၊ တက္ကသိုလ်ထွန်းနောင်၊မောင်မောင်(ရန်ကုန်တက္ကသိုလ်)တို့၏ စာများ၊ကျောက်ဘီလူး တင်မောင်ဆွေ၊ကျော့မောင် (မင်္ဂလာတောင်ညွန့်)၊ မော်ကျွန်းစိုးမြင့်၊ စိုးသိဏ်း၊ ခင်လိမ္မာ၊ ထက်ရာဇာ၊ သက်ကိုကို၊ မောင်မျိုး(ကြောင်နှစ်ကောင်)တို့၏ ပြည်တွင်း၊ ပြည်ပ အနုပညာသတင်း၊ အားကစားသတင်း ပဒေသာတို့အပြင် အပတ်စဉ်ပါနေကျ မြတ်ခိုင်၏ မေးခွန်း (၁၀၀၀)၊ ပရိသတ်အကြိုက် 3Dအစီအစဉ်တို့ဖြင့် ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (က-ပ)

✻ ချော့တိုင်းလည်း မပျော့နဲ့

မြောက်ဦးမြို့ စန္ဒာမုနိ သိမ်တော်မြတ်ကြီး တည်ဆောက်ရေး အလှူတော်ငွေ ပေးအပ်

မြောက်ဦး ဇူလိုင် ၂၄

ရခိုင်ပြည်နယ် မြောက်ဦးမြို့ သမိုင်းဝင် စန္ဒာမုနိဆင်းတုတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ မဟာသိမ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းအတွက် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်သည့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပဓာန နာယက သြဝါဒါစရိယ ဗန္ဓုလကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စက္ကပါလ မဟာထေရ်ကြီးအား ရည်စူး၍ ဗန္ဓုလကျောင်းတိုက် ကျောင်းထိုင်ဆရာတော် အသစ် ဘဒ္ဒန္တ သုနန္ဒက အလှူတော်ငွေကျပ် ၁၀ သိန်း လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီတွင် စန္ဒာမုနိသိမ်တော်ကြီးအတွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မောင်နီပြင် ဆရာတော်ကြီးနှင့် မြောက်ဦးမြို့နယ်မှ ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

(က-ပ)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်တာဝန်ယူ ဆောက်လုပ်နေသော ဂျိုးဖြူကျေးရွာ ကျေးလက်အိမ်ရာ ဆောက်လုပ်မှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးညွှန်ကြားရေးမှူး ဦးတင်စိုးနှင့်အဖွဲ့ ကွင်းဆင်း စစ်ဆေးစဉ်။ (၅၂၆)

စုပေါင်းဝါဆိုသင်္ကန်း တောင်ကြီး၌ ကပ်လှူ

တောင်ကြီး ဇူလိုင် ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများမှ တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဒုတိယအကြိမ် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနုနှင့်တကွ တက်ရောက်လာကြသော ပရိသတ်များက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်ကြသည်။ **(ခရိုင်ပြန်/ဆက်)**

တာချီလိတ်မြို့နယ် တာလေ အထကတွင် စတုတ္ထအကြိမ် အမျိုးသား ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် ဇူလိုင် ၁၁ ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြတ်ကျော်တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား ငှက်ဖျားရောဂါကာကွယ်ရေး သွေးဖောက်စစ်ဆေးပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ကျေးလက် တန်ဖိုးနည်းအိမ်ရာ မိတ္ထီလာ၌ ဆောက်လုပ်

မိတ္ထီလာ ဇူလိုင် ၂၃

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နယ်စပ်/စည်ပင်ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်အရ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက် တန်ဖိုးနည်းအိမ်ရာများကို ကျေးရွာများတွင် ကွင်းဆင်းဆောက်လုပ်ပေးလျက်ရှိသည်။

မိတ္ထီလာမြို့ အနောက်ဘက် လေးမိုင်အကွာ ကျောက်ပန်းတောင်း ကားလမ်းဘေးရှိ မြင်းကန်ကျေးရွာအုပ်စုတွင် ပါဝင်သည့် ဆည်ကုန်းကျေးရွာတွင် ပထမဆုံး ကျေးလက် တန်ဖိုးနည်းအိမ်ရာ လုံးချင်းအိမ်တစ်လုံးကို ဇူလိုင်လဆန်းက စတင်ဆောက်လုပ်နေပြီဖြစ်သည်။

—အိမ်ရာ ၁၀ လုံး—

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် စံပြ ကျေးလက် တန်ဖိုးနည်းအိမ်ရာ ၁၀ လုံးကို စက်တင်ဘာလအတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်သည်။ **(၁၁၁)**

မြို့နယ်သတင်းများ

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ကျောက်ကြီး ဇူလိုင် ၁၈

ပဲခူးတိုင်း ကျောက်ကြီးမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ကျောက်ကြီးမြို့ပေါ်ရှိ အနော်ရထာလမ်း၊ ဗျူဟာလမ်းနှင့် စည်ပင်သာယာရေးဈေးလမ်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ပြည်သူလူထုပူးပေါင်းကာ ဇူလိုင် ၅ ရက် နံနက်က တစ်ပြိုင်တည်း ဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်ရာ နေရာများသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ပေးကြသည်။

(၁၂၂)

စုပေါင်းသန့်ရှင်း

ဝါးခယ်မမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇူလိုင် ၁၀ ရက်က စာရေးကုန်းရပ်ကွက် မြူရုံးလမ်း လမ်းဘေး ဝဲ၊ ယာ မြက်များရှင်းလင်းခြင်းနှင့် ဘိုးမင်းခေါင်ရေကန်အတွင်း မြက်ပေါင်း၊ ဒိုက်မှော် ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (၁၈၂)

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မကွေးမြို့နယ် ကန်သာလေးကျေးရွာတွင် ဇူလိုင် ၂၀ ရက်က တူးဖော်လျက်ရှိသော စက်ရေတွင်းနှင့် အုတ်ရေကန် ဆောက်လုပ်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့်အဖွဲ့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေး ပညာပေး ဟောပြော

ကလေးဝ ဇူလိုင် ၁၆

ကလေးဝမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲများကို ဇွန် ၂၄ ရက်မှ ဇွန် ၂၆ ရက်အထိ ကလေးဝ အထက၊ အမက (၁)၊ (၃)၊ (၄)၊ ကျော်ဇင်ကျေးရွာနှင့် သစ်ချောက်ကျေးရွာတို့တွင် ကျင်းပရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ကျော်မြင့်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များက ပညာပေးဟောပြောကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မော်လမြိုင်ကျွန်း မြို့နယ် တယ်ချောင်းကျေးရွာ ကျေးလက်လမ်း ဝဲ၊ ယာတွင် သစ်ဆိမ့်ပင်နှင့် သစ်ပင်မျိုးစုံ အပင်၃၅၀၀ ကို မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ သစ်တောဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇူလိုင် ၃ ရက်က စုပေါင်းစိုက်ပျိုးကြစဉ်။ (၃၆၄)

အုတ်တွင်းစည်ပင် ကျောက်ချောလမ်းခင်း

အုတ်တွင်း ဇူလိုင် ၂၃

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြက်သွန်ခင်း(၁) ရပ်ကွက်အတွင်းရှိ အရှည်ပေ ၆၂၀ ရှိ မနော်ဟရီလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင်လဆန်းမှစ၍ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆင့်ပွားသင်တန်း ကျောက်ပန်းတောင်း၌ ဖွင့်လှစ်

ကျောက်ပန်းတောင်း ဇူလိုင် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၂၀၀၃ ခုနှစ် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းတွင် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိဦးရွှေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ မြေစာရင်းဝန်ထမ်း၁၂၅ဦးတက်ရောက်ကြသည်။ **(၁၉၂)**

ဝင်းသိန်းဦး

ကျွန်ုပ်တို့ အမှန်တကယ် ယုံကြည်ကိုးကွယ်သော

(Ref. Practical Buddhism by Dr. K.Sri Dhammananda) နှင့်

စာတိုက်ဆိုင်တိုင်းတွင် ရနိုင်ပြီ။ မြန်မာ-ဖုန်း(၀၁)၂၂၅၄၄၃

ဗေဒင်ပြန်မာ ပြည်းဆောင်

ဒါတ္တမ၊ ရှေ့ -၂၀၆၁၀၈၁

THE UNION OF MYANMAR
YANGON CITY DEVELOPMENT COMMITTEE
PROCUREMENT AND SALES COMMITTEE
CITY HALL 420/450 MAHABANDOOLA STREET, YANGON.

FAX NO. 095-1-246016
095-1-381014
e-mail: jsycdc @ mptmail. net.mm
TEL NO. 251417

IFB.No.1/Q/ YCDC/2003-2004
Date. 29 July, 2003.

INVITATION FOR BIDS

1. Sealed Bids are invited by the Yangon City Development Committee for Supply of the following:-

MACHINERY & EQUIPMENT FOR WASTEWATER TREATMENT PLANT 19 Lots

2. Commencing from 1st August 2003 a complete set of bidding document will be available at the office of Budget & Accounts Department, Procurement and Sales Section, City Hall, Yangon, during office Hours by cash in FEC 500/-to be paid to the above office for each set of document.
